# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# အဋ္ဌမပုံမှန်အစည်းအဝေး

# (၁၇)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဘူလ်ဂေးရီးယားနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E.Mrs.Tsveta Karayancheva က ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၇၆)မိုင်တွင် ဆောက်လုပ်ထားသော 76 MILE MINI REST CAMP နှင့်ပတ်သက်၍ သိလိုခြင်းနှင့် ယခုလေးလမ်းသွားအမြန်လမ်းမကြီးကို ခြောက်လမ်းသွား (သို့) ရှစ်လမ်းသွားအမြန်လမ်းမကြီးအဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံနှင့် လွတ်ကင်းမှု ရှိ/မရှိ သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြား လမ်းကြောင်းပိုမိုခက်ခဲသော လမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | ကလေးမြို့နယ်ရှိ မီးရထားကူး ကမ္ဘာ့နီတံတားပေါ်တွင် မော်တော်ကားများ၊ ဆိုင်ကယ်များ သီးသန့် သွားလာနိုင်သော တံတားအသစ် တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | ရွှေကျင်မြို့နယ်၊ ဝင်းခနိန်ကျေးရွာအုပ်စု၊ မဓမချောင်းကိုဖြတ်ကူး၍ ဝင်းခနိန်-အလယ်ကျွန်းကျေးရွာ ချင်းဆက်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ချောင်းကူးတံတား (၃၀၀)ပေအား ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၁ | စဉ့်ကိုင်မြို့နယ်ရှိ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီး ကျေးရွာချင်းဆက်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မူလရှိခဲ့သော | ၁၅ |

| | | |
|---|---|---|
| | ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၂ | ဂန့်ဂေါမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီ၌ သာလင်း-မြင်သား မြစ်သာမြစ်ကူးတံတားသည် မျောပါ ပျက်စီးသွားခဲ့ရာ မြစ်သာမြစ်ကူး တံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၈ |
| ၁၃ | ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြား ဈေးကွက်ဝင် သဘာဝ ငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက် တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၀ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၂၅ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၄၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၇) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၉–၆–၂၀၁၈ ] (အင်္ဂါနေ့) နေ့လယ် ၁ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဘူလ်ဂေးရီးယားနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Tsveta Karayancheva ထံမှ ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (၇၆)မိုင်တွင် ဆောက်လုပ်ထားသော 76 MILE MINI REST CAMP နှင့်ပတ်သက်၍ သိလိုခြင်းနှင့် ယခုလေးလမ်းသွားအမြန်လမ်းမကြီးကို ခြောက်လမ်းသွား (သို့) ရှစ်လမ်းသွားအမြန်လမ်းမကြီးအဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံနှင့် လွတ်ကင်းမှုရှိ၊ မရှိ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြား လမ်းကြောင်းပိုမိုခက်ခဲသော လမ်းပိုင်းအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( ဂ ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်ရှိ မီးရထားကူး ကဗ္ဗနီတံတားပေါ်တွင် မော်တော်ကားများ၊ ဆိုင်ကယ်များ သီးသန့်သွားလာနိုင်သော တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်မြို့နယ်၊ ဝင်းခနိန် ကျေးရွာအုပ်စု၊ မမမချောင်းကိုဖြတ်ကူး၍ ဝင်းခနိန်– အလယ်ကျွန်း ကျေးရွာချင်းဆက် တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ချောင်းကူးတံတား (၃၀၀) ပေအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၏ **စဥ့်ကိုင်မြို့နယ်ရှိ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီးကျေးရွာချင်းဆက် လမ်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မူလရှိခဲ့သော ကတ္တရာလမ်း အဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဂန့်ဂေါမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီ၌ သာလင်း–မြင်သား မြစ်သာမြစ်ကူးတံတားသည် မျောပါပျက်စီးသွားခဲ့ရာ မြစ်သာမြစ်ကူးတံတားတစ်စင်း အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်က **"မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြား ဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်း စောင့်ရှောက် ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့်ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**
**(၁၇)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို နံနက် ၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊
(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊
(၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၃ ရက်၊
(၄) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၃ ရက်၊
(၅) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၃ ရက်၊
(၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၃ ရက်၊
(၇) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း ခွင့် ၃ ရက်၊
(၈) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊
(၉) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၃ ရက်၊
(၁၀) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊
(၁၁) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၃ ရက်၊
(၁၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ခွင့် ၁ ရက်၊
(၁၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် ၁ ရက်၊
(၁၄) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၁ ရက်၊
(၁၅) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၄ ရက်၊
(၁၆) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊
(၁၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၁၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၁၉) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၂၀) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၃ ရက်၊
(၂၁) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊
(၂၂) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၁ ရက်၊
(၂၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်၊
(၂၄) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊
(၂၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်နှင့်
(၂၆) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဘူလ်ဂေးရီးယားနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E.Mrs.Tsveta Karayancheva က ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့ ၂၂-၃-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့အတွက် ဘူလ်ဂေးရီးယားနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E.Mrs.Tsveta Karayancheva က ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင်

ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာပါတယ်။ ထိုသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၇၆)မိုင်တွင် ဆောက်လုပ်ထားသော 76 MILE MINI REST CAMP နှင့်ပတ်သက်၍ သိလိုခြင်းနှင့် ယခု လေးလမ်းသွားအမြန်လမ်းမကြီးကို ခြောက်လမ်းသွား (သို့) ရှစ်လမ်းသွားအမြန်လမ်းမကြီးအဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံနှင့် လွတ်ကင်းမှုရှိ/မရှိ သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး ၇၆ မိုင်မှာရှိတဲ့ Mini Rest Camp နဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး ၇၆ မိုင်မှာရှိတဲ့ Mini Rest Camp အဆောက်အအုံကြီးဖြစ်ပါတယ်။ ဒါကတော့ လမ်းနဲ့ကပ်နေတဲ့ပုံဖြစ်ပါတယ်။ အဲဒီဥစ္စာ အမြန်လမ်းမကြီးပေါ်ကနေ ကျွန်တော် ဓာတ်ပုံရိုက်ထားခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်ဘက်ကို လှမ်းပြီးရိုက်ထားတာဖြစ်ပါတယ်။ အဲဒီမျဉ်းဝါကတော့ ဒီလမ်းလယ် Guard Way နားမှာရှိတာဖြစ်ပါတယ်။ ယာဉ်ကြောနှစ်ကြောဘေးနားမှာ ဒီအဆောက်အအုံက မေးတင်ဆောက်လုပ်ထားတဲ့အဆောက်အအုံဖြစ်ပါတယ်။ အဲဒါကတော့ အဲဒီအဆောက်အအုံထဲက ကားလေးများရပ်နားရန်ဆိုတဲ့ Car Parking ကနေ ပြန်ထွက်တဲ့အခါမှာ ပြထားတဲ့ အမြန်လမ်းပေါ်ကို တိုက်ရိုက် ရောက်သွားတဲ့ ဓာတ်ပုံပဲဖြစ်ပါတယ်။ ဒါကတော့ အမြန်လမ်းမကြီးကို အဲဒီဆိုင်ရှေ့ကနေ ကားရပ်မယ့် Parking ကို ဝင်ဖို့ပြထားတဲ့ မြားတွေဖြစ်ပါတယ်။ ဒါကတော့ လမ်းညွှန်ဆိုင်းဘုတ်ကို လမ်းပေါ်တောင် တက်ပြီးရပ်ထားတဲ့ ဓာတ်ပုံဖြစ်ပါတယ်။ အဲဒီနေရာက ကားလေး Parking ရဲ့ အဝမှာရှိပါတယ်။ အမြန်လမ်းမကြီးဘေးတည့်တည့်မှာရှိပါတယ်။ အဲဒီတော့ ကားတစ်စင်းဟာ ကားရပ်နားစခန်းက ထွက်လို့ရှိရင် တိုက်ရိုက်အမြန်လမ်းမကြီးအပေါ်ကို ရောက်သွားပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်ကို မေးခွန်းမေးခွင့်ပြုပါ။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၇၆ မိုင်တွင်ဆောက်လုပ်ထားသော 76 Mile Mini Rest Camp သည် နိုင်ငံတော်ဘတ်ဂျက်ငွေ အမြောက်အမြားသုံးစွဲ၍ ကျခံဆောက်လုပ်ထားသော်လည်း အများပြည်သူများအတွက် အကျိုးမရှိ

ဖြစ်နေပါသောကြောင့် အောက်ပါအချက်များကို သိလိုပါသဖြင့် သက်ဆိုင်ရာကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ မည်သည့်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ဆောက်လုပ်ခဲ့ပါသလဲ။ ၎င်းအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်နှင့် ဆုံးဖြတ်ချက်အမှတ်စဉ်ကို သိလိုပါတယ်။ မည်သည့်အကျိုးကျေးဇူးကို မျှော်မှန်းပြီး ဆောက်လုပ်ခဲ့ပါသလဲ။ ဘဏ္ဍာငွေမည်မျှကုန်ကျခဲ့ပါသလဲ။ ယခုအခါ မည်သည့်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်အား အဘယ်ကဲ့သို့သောစာချုပ်ဖြင့် ငှားရမ်းချုပ်ဆိုထားပါသလဲ။ ဒေသခံပြည်သူများကို အဘယ်ကဲ့သို့အကျိုးပြုခဲ့ပါသလဲ။ ရင်းနှီးမြှုပ်နှံထားသော ဘဏ္ဍာငွေ၏ အရင်းကျေကာလကို သိလိုပါတယ်။ အမြန်လမ်းမကြီးဘေးတွင် ကပ်လျက်ဆောက်လုပ်ထားပါသောကြောင့် အမြန်လမ်းမကြီးဇရိယာအတွင်း ကျရောက်နေပါသဖြင့် အမြန်လမ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုရှိပါသလား။ အကယ်၍ ယခုအမြန်လမ်းမကြီးကို အမြန်လမ်းမကြီး ခြောက်လမ်းသွား သို့မဟုတ် ရှစ်လမ်းသွား အမြန်လမ်းမကြီးအဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံသည် လွတ်ကင်းမှုရှိ/မရှိသိလိုပါသဖြင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်မှ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၇၆ မိုင်မှာ ဆောက်လုပ်ထားတဲ့ 76 Mile Mini Rest Camp ဟာ မည်သည့်အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်အရ ဆောက်လုပ်ခဲ့ပါသနည်း၊ ၎င်းအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်နှင့် ဆုံးဖြတ်ချက်အမှတ်စဉ်ကို သိလိုခြင်း၊ မည်သည့်အကျိုးကျေးဇူးကိုမျှော်မှန်း၍ ဆောက်လုပ်ခဲ့ပါသနည်း၊ ဘဏ္ဍာငွေ မည်မျှကုန်ကျခဲ့ပါသနည်း၊ ယခု မည်သည့်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်အား အဘယ်ကဲ့သို့သော စာချုပ်ဖြင့် ငှားရမ်းထားပါသနည်း၊ ဒေသခံပြည်သူများကို အဘယ်ကဲ့သို့ အကျိုးပြုမှုရှိပါသလဲ၊ ရင်းနှီးထားတဲ့ဘဏ္ဍာငွေများကို အရင်းကျေကာလကိုသိလိုခြင်း၊ အမြန်လမ်းဇရိယာအတွင်း ကျရောက်နေပါသဖြင့် အမြန်လမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိပါသလား၊ ယခု လေးလမ်းသွားအမြန်လမ်းမကြီးကို ခြောက်လမ်းသွား သို့မဟုတ် ရှစ်လမ်းသွား အမြန်လမ်းမကြီးအဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံနှင့် လွတ်ကင်းမှုရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၇၆)မှာ ဆောက်လုပ်ထားတဲ့ 76 Mile Mini Rest Camp ဟာ ခရီးသွားပြည်သူများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) ဆုံးဖြတ်ချက်အမှတ်စဉ်(၆)အရ ဝန်ကြီးဌာနအစီအစဉ်နဲ့ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာရှိတဲ့ ယာယီသန့်စင်ခန်းများကို ၂၀၁၄ ခုနှစ်မှစပြီး တင်ဒါစနစ်နဲ့ ခေါ်ယူဆောင်ရွက်စေခဲ့ရာ တင်ဒါအောင်မြင်သူများမှ ဝန်ဆောင်မှုပေးရာမှာ အခကြေး ငွေရယူသော်လည်း သန့်စင်ခန်းများ သန့်ရှင်းသပ်ရပ်မှုမရှိခြင်း၊ ရပ်/ကျေးဈေးသည်များ စည်းကမ်း တကျရောင်းချမှုမရှိသောကြောင့် သင့်လျော်မှုမရှိခြင်း၊ ခရီးသည်တင်ယာဉ်များ စည်းကမ်းတကျ ရပ်နားမှုမရှိ၍ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ခြင်း စတဲ့အချက်များကြောင့် ခရီးသွားပြည်သူများ စိတ်ချ လုံခြုံအေးချမ်းစွာ အပန်းဖြေနားနေနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် စံနူန်းတစ်ခုရရှိရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းအပြင် 76 Mile Mini Rest Camp ကို စံပြနမူနာအဖြစ် တည်ဆောက်ပေးခဲ့ပြီး ကျန်သန့်စင်ခန်းများကို 76 Mile Mini Rest Camp ပုံစံကဲ့သို့ တည်ဆောက်နိုင်ရန်အတွက် EOI ခေါ်ယူပြီး PPP စနစ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဆိုပါ 76 Mile Mini Rest Camp တည်ဆောက်ခြင်းအတွက် နိုင်ငံပိုင်ရန်ပုံငွေ ကျပ် ၁၄၇၂.၆၀ သန်း ကျခံသုံးစွဲခဲ့ပါတယ်။ Rest Camp သန့်ရှင်းရေး၊ ဝန်ဆောင်မှုဝန်ထမ်းနှင့် အထွေထွေ House Keeping စတဲ့ စီမံခန့်ခွဲမှု(Operating Management)ကို Royal Shambella Company Limited အား ငှားရမ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက တိုက်ရိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ 76 Mile Mini Rest Camp ဆောင်ရွက်ခဲ့ခြင်းအားဖြင့် လူဦးရေ ၃၀၀ အား တိုက်ရိုက်အလုပ်အကိုင်အခွင့်အလမ်းပေးထားနိုင်ပြီး ၎င်းတို့အထဲမှ ၈၀ ရာခိုင်နှုန်းဖြစ်တဲ့ ၂၅၀ ဦးမှာ ဒေသခံအလုပ်သမားများဖြစ်ပါတယ်။ မကြာမီ 76 Mile Mini Rest Camp မှာ ရပ်/ကျေးဈေးဆိုင် ၂၀ ခန့်ကိုတည်ဆောက်ရန် အစီအစဉ်ရှိပြီး တည်ဆောက်ပြီးပါက တိုက်ရိုက်အလုပ်အကိုင်ဖန်တီးမှုအပြင် သွယ်ဝိုက်အလုပ်အကိုင်ဖန်တီးမှုများကိုလည်း ပေးနိုင်မှာဖြစ် သဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှာဖြစ်ပါတယ်။ 76 Mile Mini Rest Camp မှာ တစ်ရက်မှာ ခရီးသွားဦးရေပျမ်းမျှ ၁၂၀၀ ဦးခန့် ဝင်ရောက်အပန်းဖြေအနားယူနေပြီး တစ်လမှာ ပျမ်းမျှဦးရေ ၃၀၀၀၀ ကျော်ခန့် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ 76 Mile ယာယီသန့်စင် ခန်းနေရာမှာ ၁-၁-၂၀၁၄ မှ ၃၁-၁-၂၀၁၇ အထိ ယာဉ်မတော်တဆလေးကြိမ်ဖြစ်ပွားခဲ့ပြီးတော့ 76 Mile Mini Rest Camp မှာ ၂၅-၈-၂၀၁၇ ရက်နေ့ စတင်ဖွင့်လှစ်သည့်နေ့မှစ၍ ယနေ့အထိ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရပါတယ်။ 76 Mile Mini Rest Camp ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်လျက်ရှိတာကြောင့် ရရှိတဲ့ဝင်ငွေများ ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ရငွေစာရင်းသို့ ဝင်မှာဖြစ်ပါတယ်။ ယခုအခါ မော်တော်ယာဉ် စီးရေနှင့် ခရီးသည်စာရင်းအရ ပျမ်းမျှအမြတ်ငွေ တစ်လမှာ ကျပ်သိန်း ၁၀၀ ကျော်ရရှိမှုအပေါ် အခြေခံတွက်ချက်ပါက မော်တော်ယာဉ်စီးရေနှင့် ခရီးသည်ဝင်ရောက်နိုင်မှုအရ အရင်းကျေကာလမှာ ၁၀ နှစ်ခန့်ရှိမှာဖြစ်ပါတယ်။ နောင်တိုးတက်လာမယ့် မော်တော်ယာဉ်စီးရေနှင့် ခရီးသည်ဝင်ရောက်နိုင် မှုအရ အရင်းကျေကာလမှာ ယခုထက် လျော့နည်းနိုင်ပါတယ်။ အဆိုပါ 76 Mile Mini Rest Camp တည်ဆောက်ရာမှာ အမြန်လမ်းမကြီးလမ်းနယ်သတ်မှတ်ထားတဲ့ ပေ ၄၀၀ အတွင်း တစ်ဖက် လေးလမ်းသွားအကျယ်ကို မထိခိုက်စေဘဲ အမြန်လမ်းမကြီးနယ်နိမိတ်ဧရိယာအတွင်း တည်ဆောက် ထားသဖြင့် အမြန်လမ်းမကြီးများဥပဒေပါ အခန်း(၆) ယာဉ်ရပ်နားစခန်းများ အပိုဒ် ၁၀(က) ပြဋ္ဌာန်း ချက်နှင့်ကိုက်ညီမှုရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ 76 Mile Mini Rest Camp ရဲ့ ပင်မအဆောက်အအုံဟာ လမ်းလယ်ကျွန်းအလယ်မှ စုစုပေါင်း ပေ ၁၀၀ အကွာမှာ တည်ဆောက်ခဲ့ပြီး အဆောက်အအုံရှေ့မှာ ၁၂ ပေခွဲအကျယ် လေးလမ်းသွား စုစုပေါင်း ပေ ၅၀ အကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းထားပြီးတော့ Buffer Zone အဖြစ် Landscaping အပါအဝင် ၃၅ ပေအကျယ် ချန်လှပ်ထားရှိပြီး အမြန်လမ်းမကြီးတိုးချဲ့ဖောက်လုပ်မည်ဆိုပါက လွတ်ကင်းမှုရှိကြောင်းနှင့် နောင်မှာ အဆိုပါ Buffer Zone အဖြစ် ထားရှိတဲ့နေရာတွင်လည်း အခြားအာဆီယံနိုင်ငံများရှိ Rest Camp များကဲ့သို့ ကားအဝင်အထွက် မျော့ဝင်/မျော့ထွက်နိုင်အောင် လမ်းထည့်သွင်းတည်ဆောက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရိုသေလေးစားစွာဖြင့် ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော် မေးထားတဲ့မေးခွန်းတွေထဲမှာ ပါတဲ့အချက်ထဲမှာက ပထမဆုံးအချက်ဖြစ်တဲ့ မည်သည့်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ဆောက်လုပ်ခဲ့ပါသလဲဆိုတာကို ဖြေကြားသွားခြင်းမရှိပါဘူး။ နောက် ဒုတိယ ၎င်းအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်နှင့် ဆုံးဖြတ်ချက်အမှတ်စဉ်ကို သိလိုပါတယ်လို့ မေးထားတာကိုလည်း ဖြေကြားသွားခြင်းမရှိပါဘူး။ နောက်တစ်ခုကတော့ မည်သည့်စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်အား အဘယ်ကဲ့သို့သောစာချုပ်ဖြင့် ငှားရမ်းထားပါသည်ဆိုတာ မေးထားတာလည်း ဖြေမသွားပါဘူး။ အဲဒါကြောင်မို့လို့ ဒါတွေကိုလည်း သိလိုပါတယ်။ နောက်တစ်ခုက ကျွန်တော် ဆွေးနွေးလိုတာက လေးလမ်းသွားအမြန်လမ်းက လမ်းဧရိယာကို ပေ ၄၀၀ သတ်မှတ်ပြီး အလယ်ဗဟိုကနေ တစ်ဖက်ကို ပေ ၂၀၀ ဆီသတ်မှတ်ထားပါတယ်။ အဲဒီတော့ အဲဒီပေ ၂၀၀ မှာ အဲဒီ Mini Rest Camp ရဲ့ Main အဆောက်အဦက ပေ ၁၀၀ မှာရှိပါတယ်။ ပေ ၁၀၀ မှာရှိတဲ့အခါမှာ အခုလမ်းနှစ်လမ်းဖောက်လိုက်ရတယ်။ အမြန်လမ်းနှစ်လမ်းဆိုရင်တောင် သူက မေးတင်ပြီး ဆောက်ထားတဲ့ အဆောက်အဦဖြစ်တယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် သူက ဓာတ်ပုံမှာကြည့်လိုက်လို့ရှိရင် သူ့ရဲ့ရှေ့မှာ Guard Post လို့ခေါ်မလားမသိဘူး။ ဒီကားတွေ၊ ဘာတွေဝင်လာမှာစိုးလို့ အုတ်တုံးကြီးတွေ ကွန်ကရစ်နံရံကြီးလုပ်ထားတယ်။ Guard Wall လို့ခေါ်မလား။ Guard Post လို့ခေါ်မလားတော့ မသိဘူး။ အဲဒါကြီးတွေ လုပ်ထားတယ်။ အဲဒီတော့ အမြန်လမ်းက လမ်းနယ်နိမိတ်သတ်မှတ်တာ တစ်ဖက်ကိုလမ်းဗဟိုကနေ ပေ ၂၀၀ သတ်မှတ်တယ်။ ပေ ၂၀၀ ထဲမှာ အဆောက်အဦဝင်ဆောက်တယ်။ အဲဒီတော့ လမ်းနယ်နိမိတ်၊ လမ်းဧရိယာဆိုတဲ့အဓိပ္ပာယ်ဘာလဲဆိုတာ ကျွန်တော် မသိတဲ့အတွက် ဒီဥစ္စာက လမ်းဧရိယာဆိုတာ လမ်းနဲ့ပတ်သက်တဲ့အဆောက်အဦပဲရှိရပါ့မယ်။ လမ်းနဲ့ပတ်သက်တယ်ဆိုတာ ဥပမာပြောရလို့ရှိရင် Toll Gate တွေ၊ Toll Gate တွေကတော့ ရှိရမယ်။ ဒါ လမ်းနဲ့တကယ်ကိုပတ်သက်တဲ့ကိစ္စ။ ဒီ စားသောက်ဆိုင်လိုဟာမျိုးက လမ်းနဲ့မပတ်သက်တဲ့အတွက် လမ်းရဲ့ ပေ ၂၀၀ အပြင်မှာပဲရှိရပါမယ်။

နောက်တစ်ခုက ဘာလဲဆိုလို့ရှိရင် နည်းဥပဒေမှာဘာရေးထားသလဲဆိုတော့ အဲဒီလမ်းဧရိယာထဲမှာ လမ်းပြမှတ်တိုင်တွေ၊ မိုင်တိုင်တွေ၊ လမ်းပြအမှတ်အသားတွေ စိုက်ခွင့်ရှိတယ်လို့ ပြောပြီးတော့

ဒီပြင်အဆောက်အဦဆောက်ရင်တောင် အထူးခွင့်ပြုချက်ယူရမယ့်သဘောမျိုး ရေးထားတာကို တွေ့ရပါတယ်။ အဲဒါကို ကျွန်တော့်ကို ရှင်းလင်းပြောပြစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ပထမမေးခွန်းဖြစ်တဲ့ မည်သည့်အစိုးရလက်ထက်တွင် ခွင့်ပြုခဲ့သည်ဆိုတာ အထူးပြောစရာမလိုဘူးထင်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇)လို့ ပြောထားပါတယ်။ ၂၀၁၇ ခုနှစ်ဆိုရင် ၂၀၁၆ ခုနှစ်ကတည်းက ကျွန်တော်တို့ လက်ရှိ အစိုးရလက်ထက်ဖြစ်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာပဲ ဒါ ကျွန်တော့်အရင် တာဝန်ထမ်းဆောင် ခဲ့တဲ့ ဝန်ကြီးဦးဝင်းခိုင်လက်ထက်မှာ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၉/၂၀၁၇)နဲ့ ဆုံးဖြတ်ခဲ့တဲ့အတွက် လက်ရှိအစိုးရလက်ထက်မှာပဲ ဒီ 76 Mile Mini Rest Camp ကို ဆောက်လုပ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ယာဉ်ရပ်နားစခန်းတွေနဲ့ပတ်သက်ပြီးတော့ အမြန်လမ်းမကြီးဥပဒေစာအုပ် ရှိပါတယ်။ အဲဒီမှာ အခုနက ကျွန်တော်လည်း ဖော်ပြခဲ့ပြီးတော့ အခန်း(၆)မှာ အပိုဒ် ၁၀ မှာ ယာဉ်ရပ် နားစခန်းတည်ဆောက်စေခြင်းပြုနိုင်တဲ့၊ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ခွင့်ပြုနိုင်တဲ့ ဥပဒေမှာ ပါရှိတာဖြစ်ပါတယ်။ အဲဒီအပေါ် ဥဒေအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့က Mini Rest Camp ကို ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ စီစဉ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ အခုနက လမ်းနယ်နဲ့လွှတ်ကင်းမှုကလည်း လေးလမ်းသွားအထိချဲ့မယ်ဆိုလို့ရှိရင် လမ်းအကျယ်က ၁၂ ပေခွဲ လေးလမ်းဆိုတဲ့ ပေ ၅၀ ပဲလိုပါတယ်ခင်ဗျား။ ပေ ၅၀ ဘေးမှာ ကျွန်တော်တို့က Barrier တပ်ပြီးလို့ ရှိရင် အခု လက်ရှိတည်ဆောက်ပြီးတဲ့ ၇၆ မိုင်စခန်းရဲ့ အဆောက်အဦနဲ့ဆိုလို့ရှိရင် ကြားမှာ ၃၅ ပေကွာ ပါတယ်။ ၃၅ ပေဆိုတဲ့အတွက် နောင်မှာ တကယ်လို့ လေးလမ်းသွားအတိုင်း Operate လုပ်မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ ဒီ Rest Camp ကို မျှော်ပြီးတော့ ဝင်နိုင်အောင် ယာဉ်သွားလမ်းတစ်လမ်းပေးမှာ ဖြစ်ပါတယ်။ အဲဒါ ၁၂ ပေခွဲပဲ ကျယ်ပါတယ်။ အဲဒီအတွက်ကြောင့် အခု လက်ရှိအခြေအနေဟာ အမြန်လမ်း လေးလမ်းသွားထိချဲ့မယ်ဆိုလို့ရှိရင်တောင် အနှောင့်အယှက်မဖြစ်နိုင်ပါဘူးလို့ ကျွန်တော့် အနေနဲ့ ဖြေကြားလိုပါတယ်။ နောက် အဲဒီ Operation နဲ့ပတ်သက်ပြီးတော့ စီမံခန့်ခွဲမှုကော်မတီရဲ့ အစီအစဉ် နဲ့ ငှားရမ်းပြီးတော့ တာဝန်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီလောက်ပါပဲ။

**နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြား လမ်းကြောင်းပိုမိုခက်ခဲသောလမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည် တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြားလမ်းကြောင်း ပိုမိုခက်ခဲတဲ့ လမ်းအပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန်

အစီအစဉ်ရှိ/မရှိ သိလိုတဲ့မေးခွန်းကို မေးမြန်းမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နန်းယွန်းမြို့နယ် နန်းယွန်း-ပန်ဆောင်ကြားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနတာဝန်ယူတဲ့လမ်းအပိုင်း မိုင်တိုင်(၁၁၉)ကနေ မိုင်တိုင်(၂၀၅)အထိနှင့် မိုင်တိုင်(၂၂၂)ကနေ မိုင်တိုင်(၂၂၈)ကြားထိ အားလုံးဟာ ၁၂ မိုင်ဖြစ်ပါတယ်။ ဒီလမ်းအပိုင်းဟာ မြေသားလမ်းဖြစ်ပါတယ်။ ဒီအပိုင်းမှာ လမ်းကြောင်းပိုမိုခက်ခဲတဲ့ မိုင်တိုင်(၂၂၂)နဲ့ မိုင်တိုင်(၂၂၈)ကြားကို ဇန်နဝါရီလဆန်းမှာ ဒေသခံကုမ္ပဏီတွေရဲ့အကူအညီယူပြီး JCB နဲ့ မြောင်းဖော်၊ မြေဖို့တွေလုပ်ခဲ့တဲ့အတွက် အနည်းငယ်သွားလာဖို့ရန်အတွက် သက်သာခဲ့ပါတယ်။

Power Point သုံးစွဲခွင့်ပြုရန်တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကတော့ လမ်းမကြီးရဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကနေ မေလဝန်းကျင်အတွင်း လမ်းရဲ့အခြေအနေကိုတင်ပြထားတာဖြစ်ပါတယ်။ ပြုပြင်ဆောင်ရွက်မှုများပြုလုပ်ပေမဲ့ မိုးများတဲ့ဒေသဖြစ်တဲ့အတွက်မို့လို့ Power Point မှာ မြင်တွေ့ရတဲ့အတိုင်းပဲဖြစ်ပါတယ်။ ခရီးသွားတဲ့ ခရီးသည်များဟာ ဆိုင်ကယ်နဲ့တစ်ယောက်တည်းသွားလို့မရပါဘူး။ လမ်းဆိုးရွားတဲ့အတွက်ကြောင့်မို့လို့ တချို့နေရာတွေမှာ ဆင်နဲ့ဆွဲရတဲ့အထိဖြစ်ပါတယ်။ ဒီ Power Point ထဲမှာ နေရာအချို့ကိုပဲ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီလိုလမ်းခရီးအဆင်မပြေတဲ့အတွက် ကျွန်တော်တို့ဒေသမှာ ပညာရေး၊ ကျန်းမာရေးနဲ့ အခြားလူမှုရေးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ရတဲ့အခါမှာ အခက်အခဲတွေအများကြီးကြုံတွေ့ကြရပါတယ်။

ဒီအတွက်ကြောင့်မို့လို့ ပြည်သူများ ခရီးသွားလာရေး လွယ်ကူချောမွေ့လာရေးအတွက် ရည်ရွယ်ပြီးတော့မေးမြန်းလိုတာကတော့ နန်းယွန်း-ပန်ဆောင်ကြား လမ်းကြောင်းပိုမိုခက်ခဲတဲ့လမ်းအပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှကမေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နှင့်ပန်ဆောင်မြို့ကြား လမ်းကြောင်းပိုမိုခက်ခဲတဲ့လမ်းအပိုင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်းဟာ မိုင်တိုင်အမှတ်(၁၇၇)မှ(၂၂၈)အထိ ၅၁ မိုင်ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်းရဲ့ မိုင်တိုင်အမှတ်(၁၇၇)မှ(၂၀၅)အထိ ၂၈ မိုင်နဲ့ မိုင်တိုင်အမှတ်(၂၂၁)မှ(၂၂၈)ထိ ၇ မိုင် စုစုပေါင်း ၃၅ မိုင်ကို

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှလည်းကောင်း၊ မိုင်တိုင်အမှတ်(၂၀၅)မှ(၂၂၁) အထိ ၁၆ မိုင်ကို နယ်စပ်ဒေသနဲ့တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေနဲ့ အမှတ်(၉၀၉) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၁၁၄၆.၃၂၅ သန်းနဲ့ မိုင်တိုင်အမှတ် (၁၇၇)မှ(၁၈၇) အတွင်း ကျောက်ချောလမ်းခင်းခြင်း ၄ မိုင်၊ တောင်ပြိုမြေဖယ်ရှားခြင်း ၂၅၀ ပေ၊ မျှောမြေကာရိုက်ခြင်း ၇၀ ပေ၊ ကွန်ကရစ်ရေထုတ်ပြွန် RCC Box Culvert တည်ဆောက်ခြင်း ၁၆ စင်း၊ သုံးလွှာ တစ်ထပ်ဘေလီနှင့် Steel Decking ကြမ်းခင်းခြင်းတစ်စင်းစတဲ့ လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လရန်ပုံငွေမှာ စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၁၈၉ သန်းနဲ့ Box Culvert တည်ဆောက်ခြင်း ၁၃ စင်း ဆောင်ရွက်လျက်ရှိရာ နှစ်စင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းခင်းခြင်း ၂ မိုင် ၂ ကျောက်လမ်းပျက် ပြုပြင်ခြင်း ၂ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းတစ်စင်း၊ တံတားပြုပြင်ခြင်းတစ်စင်း၊ တောင်ပြိုမြေဖယ်ရှားခြင်းနဲ့ လမ်းသားပေါ်ရှိတဲ့ရေစားမြောင်းများ သဲကျောက်ဖြည့်ခင်းခြင်း ခြောက်နေရာ စတဲ့လုပ်ငန်းများ ဆောင်ရွက်ဖို့ စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ကျပ် ၇၄၉.၁၇၅ သန်းနဲ့ လျာထားတင်ပြတောင်းခံထားပြီး ဆောင်ရွက်ရန်ကျန်ရှိတဲ့အပိုင်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ကလေးမြို့နယ်ရှိ မီးရထားကူး ကမ္ဘာ့နီတံတားပေါ်တွင် မော်တော်ကားများ၊ ဆိုင်ကယ်များ သီးသန့် သွားလာနိုင်သော တံတားအသစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် အခြေခံအဆောက်အဦများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ ဆည်မြောင်း၊ လမ်း၊ တံတား၊ ဆိပ်ကမ်းများအစရှိသည်တို့မှာ အခြေခံခိုင်မာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေခံအဆောက်အဦများကို သုံးစွဲသင့်သော ဘတ်ဂျက်ကိုအခြေခံပြီး ကြိုးစားအကောင်အထည်ဖော်နေတယ်ဆိုတာကိုလည်း ကျွန်မတို့ မျက်မြင် ကိုယ်တွေ့ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်မတို့ တိုင်းပြည်ဟာဖွံ့ဖြိုးဆဲတိုင်းပြည်ဖြစ်တာနှင့်အညီ အခြေခံအဆောက်အဦလိုအပ်ချက်ဟာ ကြီးမားနေဆဲဖြစ်ပါတယ်။ ဒီထဲကမှ လမ်း၊ တံတားလိုအပ်ချက် ကို တင်ပြမေးမြန်းလိုခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအခုမေးမြန်းလိုတဲ့ တံတားတည်ရှိရာ ကျွန်မရဲ့မဲဆန္ဒနယ်ရှိ ကလေး-ဂန့်ဂေါကားလမ်းမကြီးကို ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီကတည်းက ဖောက်လုပ်ခဲ့ပြီး ကလေး-ဂန့်ဂေါ မီးရထားလမ်းကိုတော့ ၁၉၉၃ မှာစတင်ဖောက်လုပ်ပြီး ၁၉၉၅ ခုနှစ်မှာဖွင့်လှစ်ခဲ့ပါတယ်။ ဒီလမ်းပိုင်း ပေါ်မှာ ထူးခြားတဲ့တည်ဆောက်မှုတစ်ခုကတော့ ကမ္ဘာနီတံတားဖြစ်ပါတယ်။ ကမ္ဘာနီတံတားဟာ မနိပူရ မြစ် ဘက်စုံစီမံကိန်းရဲ့အောက်ဘက် ၂ မိုင်အကွာ ကလေး-ဂန့်ဂေါ မိုင်တိုင် ၅၁/၅ နဲ့ ၅၁/၆ ကြားမှာ ရှိတဲ့တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့ပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တံတားအကျယ် ၁၄ ပေ ၆ လက်မ အရှည် ၅၉၅ ပေ ရှိပါတယ်။ ထူးခြားတယ်လို့ ကျွန်မတင်ပြတာက အကျယ် ၁၄ ပေ ၆ လက်မမှာ မီးရထားနှင့်ကားများပါ သွားလာနိုင်အောင် တည်ဆောက်ထားလို့ ဖြစ်ပါတယ်။ တည်ဆောက်ခဲ့တဲ့ ခေတ်ကာလအခြေအနေအရ ငွေကြေး အခြေအနေပေါ်မူတည်ပြီး အဆင်ပြေသလို ကြိုးစားအကောင်အထည်ဖော်ခဲ့တဲ့အတွက်တော့ ကျေးဇူး တင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကလေး-ဂန့်ဂေါလမ်းမကြီးဟာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ချင်းပြည်နယ်ကို ဆက်သွယ်ရာအဓိကလမ်းမကြီးဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာတဲ့ ခေတ်အခြေအနေနှင့်အညီ ကုန်စည်စီးဆင်းမှုတိုးတက်လာခြင်းနှင့်အတူ ယာဉ်သွားလာမှုကလည်း အဆမတန်များပြားလာခဲ့ပါတယ်။ ဒီလမ်းပိုင်းမှာအဓိကကျတဲ့ ကမ္ဘာနီတံတားဟာ တည်ဆောက်ပုံ အနေအထားအရ မီးရထားတံတားအဖြစ် အဓိကပုံစံထုတ်တည်ဆောက်ခဲ့လို့ တံတားအကျယ်က ကျဉ်းမြောင်းပြီး ပေပေါင်း ၆၀၀ နီးပါးရှိတဲ့ တံတားဖြစ်နေတာကြောင့် မီးရထားလာရောက်ချိန်မှာရော၊ မော်တော်ကားများ ဖြတ်သန်းရာမှာပါ ယာဉ်များစောင့်ဆိုင်းသွားလာနေရပါတယ်။ ကားကြီးများ ဖြတ်သန်းနေစဉ်မှာ ဆိုင်ကယ်နှင့် လူတောင်ဖြတ်သန်းလို့မရပါဘူး။ ယာဉ်အန္တရာယ်ဖြစ်ပေါ်နေရတဲ့ အပြင် ကုန်စည်စီးဆင်းမှုကိုလည်း အများကြီးကြန့်ကြာစေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၅ ခုနှစ်မှာဆိုရင် ကျွန်မကိုယ်တိုင်လည်း မီးရထားသံလမ်းကြားမှာ ဆိုင်ကယ်ညှပ်လို့မှောက်လဲခဲ့ဖူးပါတယ်။ ဘုရားရဲ့ကျေးဇူးတော်ကြောင့် ဆိုင်ကယ်ဦးထုပ်လည်းပါလို့ ကျွန်မ အသက်မသေဘဲ ဒီတံတားအတွက် မေးခွန်းမေးနိုင်ခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရေကြီး ရေလျှံမှုဖြစ်စဉ်မှာလည်းပဲ ကမ္ဘာနီတံတားထိခိုက်သွားလို့ ပြင်ဆင်နေရတဲ့ကာလမှာ ကျွန်မတို့နယ်သူ နယ်သားများကုန်စည်ပြတ်တောက်မှုဒဏ် ခံစားခဲ့ရတာကို အခုချိန်အထိ မမေ့နိုင်ပါဘူး။ ဒါကြောင့် မီးရထားကူးတံတားပေါ်မှာ မော်တော်ယာဉ်၊ ဆိုင်ကယ်များနှင့်လူများ ဖြတ်ကူးနေရတဲ့ ကမ္ဘာနီတံတား အစား ပြည်သူများအန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ရေးနဲ့ ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် မော်တော်ကား၊ ဆိုင်ကယ်များသွားလာနိုင်သော သီးသန့်တံတားအသစ် တည်ဆောက်ပေးနိုင်ရန် အစီ အစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလို ပါသဖြင့် ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးက မေးမြန်းထားတဲ့ ကလေးမြို့နယ်မှာရှိတဲ့ မီးရထားကူး ကမ္ဘာ့နီတံတားအပေါ်မှာ ကားများ၊ ဆိုင်ကယ်များဖြတ်ကူးပြီး အန္တရာယ်များသောတံတားအစား ပြည်သူများအန္တရာယ်ကင်းစွာနဲ့ ဖြတ်ကူးနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် မော်တော်ကားနှင့် ဆိုင်ကယ်များသီးသန့်သွားလာနိုင်တဲ့ တံတားအသစ် တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးနိုင်မည်ဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးမြို့နယ်ရှိ မီးရထားကူး ကမ္ဘာ့နီတံတားဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်ထောင်စုလမ်းဖြစ်တဲ့ ဂန့်ဂေါ-ကလေးလမ်း၊ မိုင်တိုင်အမှတ်၊ ၅၁ မိုင် ၄ ဖာလုံနှင့် ၅၁ မိုင် ၆ ဖာလုံကြား မီးရထားကူးကမ္ဘာ့နီတံတားတည်ရှိပြီး တံတားအမှတ်-၂/၅၂ ဖြစ်ပါတယ်။ တံတားအရှည်က ၅၉၅ ပေရှိပြီးတော့ ခန်းဖွင့်မှာ ၈၅ ပေအကျယ် ၇ ခန်းနှင့် တံတားအကျယ်မှာ ၁၄ ပေဖြစ်ပါတယ်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ ၂၁ တန်ဖြစ်ပြီးတော့ ၁၉၉၅ ခုနှစ်မှာ တည်ဆောက်ခဲ့လို့ ၂၃ နှစ်ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်ပါတယ်။ တစ်နေ့သွားလာတဲ့ ယာဉ်စီးရေကတော့ ၁၇၀ စီးလောက်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမီးရထားကူး ကမ္ဘာ့နီတံတားကို ကားများသီးသန့်အသုံးပြုပြီး ပြည်သူများအန္တရာယ်ကင်းစွာ ဖြတ်ကူးနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် ကမ္ဘာ့နီတံတားအသစ်ကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုရန်ပုံငွေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရွှေကျင်မြို့နယ်၊ ဝင်းခနိန်ကျေးရွာအုပ်စု၊ မမချောင်းကိုဖြတ်ကူး၍ ဝင်းခနိန်-အလယ်ကျွန်းကျေးရွာချင်းဆက်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ရွှေကျင်မြို့နယ်၊ ဝင်းခနိန်ကျေးရွာအုပ်စုမှာရှိတဲ့ မမချောင်းကိုဖြတ်ကူးပြီးမှ ဝင်းခနိန်-အလယ်ကျွန်း ကျေးရွာချင်းဆက်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်လို့မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ ရွှေကျင်မြို့နယ်မှာ အဝါရောင်နဲ့ပြထားတာ

ရွှေကျင်ချောင်းပါ။ အနီရောင်နဲ့ပြထားတာက မဓမချောင်းလို့အမည်ရတဲ့ချောင်းဖြစ်ပါတယ်။ ဘယ်ဘက်ထောင့်စွန်းမှာရှိတာက ရွှေကျင်မြို့ပါ။ ချောင်းဒီဘက်ကမ်းမှာရှိတာကတော့၊ အကွေ့လေးမှာရှိတာကတော့ ဝင်းခနိန်ကျေးရွာအုပ်စုနဲ့ ညာဘက်ခြမ်းမှာဆိုလို့ရှိရင် ကွေ့နှစ်ခုပေါ့။ အဝါနဲ့အနီနှစ်ခုကြားက ဒေသဟာဆိုလို့ရှိရင် ဒီဒေသဟာဆိုလို့ရှိရင် ချောင်းနှစ်ချောင်းရဲ့ကြားထဲမှာရှိနေတဲ့အတွက် သွားရေးလာရေးခက်ခဲပါတယ်။ ကျေးရွာအုပ်စုတစ်စုတည်းမှာတင်ကို ချောင်းတွေခြားနေတဲ့အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ လူမှုရေး၊ ကျန်းမာရေးကိစ္စကစ အများကြီးအခက်အခဲရှိပါတယ်။ ရွှေကျင်မြို့နယ်အတွင်းမှာဖြတ်သန်းစီးဆင်းတဲ့ ရွှေကျင်ချောင်းနဲ့မဓမချောင်းနှစ်ချောင်းရှိပါတယ်။ ဒေသခံများ စိုက်ပျိုးရေး၊ သွားလာရေးတို့အတွက် ဒီချောင်းတွေကိုအသုံးပြုပြီးတော့မှ အဆင်ပြေသော်လည်း ကုန်းလမ်းသွားလာရေးအတွက် အဓိကအတားအဆီးဖြစ်နေပါတယ်ခင်ဗျား။ ဒီတစ်ဘက်ကမ်းမှာရှိတဲ့ အလယ်ကျွန်းတို့၊ ဝဲကြီးတို့၊ ခလိန်၊ အောက်မဲဇောင်း၊ ကျောက်နဂါးကျေးရွာတွေဟာ ရွှေကျင်မြို့နယ်ရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေ ဆောင်ရွက်တဲ့အခါမှာ များစွာအခက်အခဲဖြစ်ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီဒေသအရှေ့ဘက်ကို ဆက်သွားလိုက်မယ်ဆိုလို့ရှိရင် တောင်ပေါ်ဒေသပါ။ ညာဘက်မှာတွေ့ပါတယ်။ ထီးဖားတိုဆိုတဲ့ရွာပေါ့။ ဒါကတော့ ရွာပုန်းရွာရှောင်ပေါ့နော်။ အရင်ဖြတ်ကြီးလေးဖြတ် ခေတ်မှာ ရွာတွေကို တိုက်ပွဲတွေဖြစ်တဲ့အခါမှာကျတော့ တော်တော်များများက ပြည်ထဲရေးစာရင်းကနေ ပယ်ဖျက်လိုက်ပါတယ်။ အခုငြိမ်းချမ်းရေးပြန်ပြီးတော့ ရရှိတဲ့ကာလမှာ ပြည်ထဲရေးအမည်တော့မပေါက်သေးသော်ငြားလည်းပဲ အခုအချိန်မှာ ပြည်သူတွေကရော အဲဒီဒေသကနေပြီးတော့မှ မြို့ထဲကိုလာတာလည်းရှိတယ်။ ကုန်စည်စီးဆင်းမှုတွေ သွားတာလာတာတွေရှိတယ်။ အကျိုးကျေးဇူးနှစ်ခုရမှာပါ။ ဒီတံတားဆောက်မယ်ဆိုလို့ရှိရင် ပထမအကျိုးကျေးဇူးအနေနဲ့ ကျေးရွာအုပ်စုအတွင်းထဲမှာရော၊ မြို့နယ်နှင့် အုပ်ချုပ်ရေးပိုင်းမှာ အကျိုးကျေးဇူးရမှာဖြစ်သလို ပြန်လည်ဖွံ့ဖြိုးစကာလ ငြိမ်းချမ်းရေးရနေတဲ့ကာလမှာ ရွာပုန်းရွာရှောင်တွေ၊ ပြည်ထဲရေးအမည်ကနေမှ ပယ်ဖျက်ခံခဲ့ရတဲ့ရွာတွေ ပြန်လည်ဖွံ့ဖြိုးဖို့အတွက်ကို ဒီတံတားကနေပြီးတော့မှ အကျိုးကျေးဇူးရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ဒီဝင်းခနိန်- အလယ်ကျွန်းတံတားကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောက မေးမြန်းထားတဲ့ ရွှေကျင်မြို့နယ်၊ ဝင်းခနိန်ကျေးရွာအုပ်စု၊ မဓမချောင်းကို ဖြတ်ကူးပြီး ဝင်းခနိန်-အလယ်ကျွန်း ကျေးရွာချင်းဆက်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေကျင်မြို့နယ်၊ ဝင်းခနိန်ကျေးရွာအုပ်စု၊ ဝင်းခနိန်ကျေးရွာနှင့် အလယ်ကျွန်းကျေးရွာတို့ကို ဆက်သွယ်တဲ့ မဓမချောင်းကူးတံတားဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့လမ်းပေါ်မှာရှိတဲ့တံတား ဖြစ်ပါတယ်။ အဆိုပါတံတားဟာ နွေရာသီကာလမှာ ဆိုင်ကယ်နှင့်လူများ ဖြတ်သန်းသွားလာနိုင်ရန်

တည်ဆောက်ထားတဲ့သစ်သားတံတားဖြစ်ပါတယ်။ ကြိုးတံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက ကြိုးထိန်းကမ်းကပ်ခုံတည်ဆောက်မည့်နေရာက လူနေအိမ်များရဲ့ ဧရိယာအတွင်းဝင်ရောက် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆိုင်ကယ်နှင့်လူများသာ သွားလာနိုင်တဲ့တံတား ဖြစ်ပါတယ်။ သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်မည်ဆိုပါက ချောင်းရဲ့ Alignment ကို ပဏာမကွင်းဆင်းစစ်ဆေးပြီး တံတားချဉ်းကပ်လမ်း မြေနေရာရရှိနိုင်မှုအတွက် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေကျင်မြို့နယ်၊ ဝင်းခနိန်-အလယ်ကျွန်းကျေးရွာချင်း ဆက်တံတားဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)လမ်းပေါ်မှာ တည်ရှိလို့ ဦးစားပေးအစီအစဉ်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားခဲ့ပါသော်လည်း ပါဝင်ခြင်းမရှိသေးပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်လျာထားသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ သင့်လျော်တဲ့တံတားတစ်စင်း တည်ဆောက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ချောင်းကူးတံတား (၃၀၀)ပေအား ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးကို လေးစားပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ ပါ။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ဥက္ကဋ္ဌကြီးတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ဘူးသီးတောင်မြို့နယ်ရဲ့တောင်ပိုင်းမှာရှိတဲ့ စေတီတောင်ကျေးရွာဟာဆိုလို့ရှိရင် လူနေအိမ်ခြေ ၂၀၀ နီးပါးခန့်ရှိပြီးတော့ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ဈေး၊ လုံခြုံရေးကင်းစခန်းစတဲ့ကျေးရွာရဲ့ဂုဏ်အင်္ဂါရပ်တွေနဲ့ ပြည့်စုံပြီးတော့ အောင်သာချောင်းနံဘေးမှာ လှပစွာဖြင့်တည်ရှိတဲ့ ဘူးသီးတောင်မြို့နယ်ရဲ့မြို့နယ်ခွဲ အဖြစ် လျာထားခြင်းခံရတဲ့ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကျေးရွာနဲ့ အခြားပတ်ဝန်းကျင် ကျေးရွာတွေကို စေတီတောင်ချောင်းက ပိုင်းခြားထားတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးယန္တရားတွေအတွက် ခက်ခဲနှောင့်နှေးမှုတွေရှိနေတဲ့အတွက်ကြောင့် ကျောင်းသူ ကျောင်းသားတွေကလည်း ကူးတို့လှေမှောက်ပြီးတော့ သေဆုံးမှုတွေလည်း ရှိခဲ့ဖူးပါတယ်။ ဒါကြောင့် စေတီတောင်ချောင်းကို တံတားတည်ဆောက်ရန်အတွက် ကျွန်တော်ကိုယ်တိုင် တံတား(အထူး)ခုံအဖွဲ့ နှင့်အတူကွင်းဆင်းပြီးတော့ တိုင်းတာမှုများပြုလုပ်ပြီး အခုလိုလွှတ်တော်ထဲမှာ တင်ပြခွင့်ရလာတာ ဖြစ်ပါတယ်။ ဒီတံတားဟာ ဘူးသီးတောင်-ပုဏ္ဏားကျွန်းကားလမ်းနံဘေးမှာတည်ရှိပြီး စေတီတောင်၊ သိန်းတန်၊ ပျင်လှ၊ စံကိုးထောင်၊ နွားရုံတောင်၊ စပါးထား၊ ဆည်တောင်၊ ကျောက်ရန် စတဲ့ကျေးရွာပေါင်း ၂၀ ကျော်ခန့် ပြည်သူပေါင်း ၂၀၀၀၀ ကျော်အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနဲ့အုပ်ချုပ်ရေး ယန္တရား လွယ်ကူမြန်ဆန်စွာအထောက်အကူပြုလာမည်ဖြစ်လာတဲ့ အတွက်ကြောင့် ဒေသအတွင်း အရေးပါတဲ့တံတားတစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉

ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လျာထား သတ်မှတ်ရာမှာ ပါဝင်ခြင်းရှိ/မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေကမေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ချောင်းကူးတံတားပေ ၃၀၀ အား ဆောက်လုပ်ပေးရေးအစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်မြို့နယ်၊ စေတီတောင်ချောင်းကူးတံတားဟာ ရသေ့တောင်-ဘူးသီးတောင်လမ်းမကြီးနှင့် ဆက်သွယ်တဲ့စေတီတောင်ကျေးရွာ အဝင်လမ်းအရှည် ၁ မိုင် ၂ ဖာလုံရှိတဲ့ လမ်းပေါ်မှာတည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့လမ်းပေါ်မှာတည်ရှိတဲ့တံတား ဖြစ်ပါတယ်။ အဆိုပါလမ်းရဲ့ လက်ရှိအခြေအနေမှာ လူသွားလမ်းအဆင့်သာရှိပြီး တံတားတည်ဆောက်ပြီးစီးပါက စေတီတောင်ကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စုငါးစု၊ အိမ်ထောင်စု ၁၀၀၀ ခန့်၊ လူဦးရေ ၃၀၀၀၀ ခန့်ကို အကျိုးပြုမှာ ဖြစ်ပါတယ်။ အဆိုပါစေတီတောင်ချောင်းကူးတံတားဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)လမ်းပေါ်မှာတည်ရှိတဲ့တံတားဖြစ်လို့ တံတားတည်ဆောက်ခြင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ၁၂ လ ဘဏ္ဍာငွေလျာထားချက်မှာ ငွေကျပ် ၁၀၁.၅၂၈ သန်းထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စဉ့်ကိုင်မြို့နယ်ရှိ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီးကျေးရွာချင်းဆက်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မူလရှိခဲ့သောကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ စဉ့်ကိုင်မြို့နယ်ရှိ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီးကျေးရွာချင်းဆက်လမ်းကို မူလရှိခဲ့ဖူးသောကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီးကျေးရွာချင်းဆက်လမ်းဟာ ၄ မိုင် ၃ ဖာလုံရှည်လျားပြီးတော့ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ လွှဲပြောင်းလက်ခံရယူခဲ့ကြောင်းလည်း သိရှိခဲ့ရပါတယ်။ ထိုသို့လွှဲပြောင်းယူစဉ်ကာလမတိုင်မီကတည်းက ၎င်းလမ်းဟာ ကတ္တရာလမ်းအသွင်မရှိတော့ဘဲနဲ့ မြေသားလမ်းအဖြစ်သာ မြင်တွေ့နေရပြီးဖြစ်ပါတယ်။ သော်တာဝင်းတိုးဂိတ်ရှောင် တန်ပိုကားကြီးများ ဖြတ်သန်းသွားလာခဲ့ခြင်းကြောင့် ပျက်စီးရတယ်လို့လည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၎င်းကျေးလက်လမ်းပိုင်းဟာဆိုရင် မီးသွေးဖိုကျေးရွာအုပ်စုထဲမှာ ခုနစ်ရွာခန့်၊ ဒေါင်းကြီးခွေကျေးရွာအုပ်စုမှာ ငါးရွာ၊ ဧည့်ပြုကျေးရွာအုပ်စုမှာ သုံးရွာ၊ မုန့်ပေါင်းကျေးရွာအုပ်စုမှာ နှစ်ရွာ စသည်ဖြင့် ကျေးရွာပေါင်း ၂၀ ခန့်မှာ ကျေးရွာသူကျေးရွာသားများ၊ ထိုကျေးရွာရှိ စာသင်ကျောင်းများတွင် တာဝန်ကျနေသော ဆရာဆရာမများနှင့် အခြေခံပညာကို သင်ယူနေကြသော ကျောင်းသူကျောင်းသားများ၏ဆက်သွယ်သွားလာရေးအတွက် လွန်စွာအသုံးဝင်အရေးပါသော လမ်းပိုင်းဖြစ်ပါတယ်။ သရက်သီး၊ သံပုရာ၊ ရှောက် စတဲ့ ဒေသထွက်သီးနှံများအတွက် ကုန်ထုတ်လမ်းလို့လည်းဆိုနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ စဉ့်ကိုင်မြို့နယ်အတွင်းရှိ တအုံကျေးရွာမှာရှိတဲ့ မန္တလေးကွန်ပျူတာတက္ကသိုလ်(တအုံ)နှင့် တောမကျေးရွာမှာရှိတဲ့ ကျောက်ဆည်တက္ကသိုလ်များမှာ သွားရောက်ပညာသင်ယူနေကြတဲ့ စဉ့်ကိုင်မြို့နယ်နှင့်အနီးပတ်ဝန်းကျင်မြို့ရွာများမှာ တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက်လည်း ယာဉ်အန္တရာယ်များပြားလာသော ရန်ကုန်-မန္တလေးအဝေးပြေးကားလမ်းမကြီးကို ရှောင်ကွင်းပြီးတော့ ၎င်းကျေးလက်လမ်းမှတစ်ဆင့် သွားလာလို့ရနိုင်တဲ့အတွက် ပိုမိုအန္တရာယ်ကင်းလွယ်ကူချောမောစေမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ထိုမျှမကသေးပါဘူး။ ပင်းယခေတ်ကတည်းက တည်ထားကိုးကွယ်တော်မူခဲ့တဲ့ ရှေးဟောင်းစေတီတောင် ၁၂၆ ဆူ ကိန်းဝပ်စံပွာယ်တော်မူတဲ့ မက္ခရာရှေးဟောင်းဒေသဟာလည်း ကျွန်မတို့စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြုကျေးရွာအုပ်စုအတွင်းမှာ တည်ရှိပါတယ်။ ၎င်းသမိုင်းဝင် မက္ခရာမြို့ဟောင်းနှင့် မက္ခရာသမိုင်းဝင် ရှေးဟောင်းစေတီတော်များကို လာရောက်ဖူးမြော်လေ့လာကြတဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးဧည့်သည်များအတွက်လည်း ဒီကျေးလက်လမ်းကို အသုံးပြုဖြတ်သန်း၍သာ လာရောက်ကြရပါတယ်။ ဒ့်ါအပြင် ဧည့်ပြုကျေးရွာအုပ်စု ကျွန်းဦးရွာမှာ တည်ထောင်ထားသော မာဃပရဟိတဘုန်းတော်ကြီးသင်မူလတန်းကျောင်းမှာလည်း မိဘမဲ့တိုင်းရင်းသားကိုရင်သာမဏေအပါး ၁၀၀ ကျော် စာပေသင်ကြားလျက်ရှိပါတယ်။ ဒီကျောင်းကို လာရောက်လှူဒါန်းကြတဲ့ အနယ်နယ်အရပ်ရပ်မှအလှူရှင်များသည်လည်း ဒီကျေးလက်လမ်းပိုင်းမှတစ်ဆင့်သာလာကြရပါတယ်။ ထိုကဲ့သို့ အသုံးဝင်အရေးပါလှတဲ့ လမ်းပိုင်းဖြစ်တာကြောင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်ကတည်းက ကတ္တရာလမ်းအဆင့်ခင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ သို့ပါသော်လည်း နှစ်အနည်းငယ်အတွင်း ပျက်စီးသွားခဲ့တာကြောင့် မြေသားလမ်းအသွင်သာရှိတော့တာ ၁၀ စုနှစ်တိုင်နေပြီဖြစ်လို့ ကတ္တရာလမ်းဖြစ်ခဲ့ဖူးတယ်ဆိုတာ ဒေသခံတွေအတွက် အိပ်ရာဝင်ပုံပြင်တစ်ပုဒ်ပမာ ဖြစ်နေပါပြီ။

သို့ဖြစ်ပါ၍ စဥ့်ကိုင်မြို့နယ်ရှိ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီးကျေးရွာချင်း ဆက်လမ်းသည် ဒေသအတွက် လွန်စွာအသုံးဝင်အရေးပါသောလမ်းဖြစ်ခြင်း၊ လက်ရှိလမ်း၏အခြေ အနေမှာ ဆိုးရွားစွာပျက်စီးနေသဖြင့် အမှန်တကယ်ပြုပြင်ရန်လိုအပ်ခြင်း၊ သွားလာရခက်ခဲသည့် ဒုက္ခ ကိုခံစားနေကြရသည့် မဲဆန္ဒရှင်ပြည်သူများကလည်း လိုလားတောင့်တနေကြပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မူလရှိခဲ့ဖူးသောကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ကမေးမြန်းထားတဲ့ စဥ့်ကိုင်မြို့နယ်ရှိ အုန်းပင်ခြံ၊ မုန့်ပေါင်း၊ သပြေရိုး၊ ညောင်ပင်ကြီးကျေးရွာချင်းဆက်လမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှာ မူလရှိခဲ့ဖူးသော ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စဥ့်ကိုင်မြို့နယ်အတွင်းရှိ အုန်းပင်ခြံ-မုန့်ပေါင်း- သပြေရိုး-ညောင်ပင်ကြီးကျေးရွာချင်းဆက်လမ်းအရှည် ၄ မိုင် ၃ ဖာလုံဟာ ကျောက်ဆည်-စဥ့်ကိုင်- မန္တလေးလမ်းမကြီးနှင့်ဆက်သွယ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနက စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းက မူလက ကတ္တရာလမ်းဖြစ်ပြီး ယခုအခါ ပျက်စီး နေပါသဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန်အတွက် ပထမဦးစားပေးကတ္တရာလမ်းအဖြစ် ဆောင်ရွက်နိုင်ရေး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ခန့်မှန်းကုန်ကျငွေကျပ် ၇၆၁.၉၈၉ သန်းကို လျာထားထည့်သွင်းပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ အုန်းပင်ခြံ-မုန့်ပေါင်း-သပြေရိုး-ညောင်ပင်ကြီး ကျေးရွာချင်းဆက်လမ်းဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)မှာ ပါဝင်လို့ လတ်တလော အဆင်ပြေစေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ ပြုပြင် ထိန်းသိမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပြီး နဂိုမူလကတ္တရာလမ်းအဆင့်ရောက်ရှိစေရန်အတွက်တော့ နှစ်အလိုက်ရန်ပုံငွေတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်အကောင် အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဂန့်ဂေါမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီ၌ သာလင်း-မြင်သား မြစ်သာမြစ်ကူးတံတားသည် မျောပါပျက်စီးသွားခဲ့ရာ မြစ်သာမြစ်ကူးတံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ဂန့်ဂေါမြို့နယ်ရှိ သာလင်း-မြင်သား မြစ်သာမြစ်ကူးကြိုးတံတားနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဂန့်ဂေါမြို့နယ်မှာ မြစ်သာမြစ်သည် မြို့နယ်ကို တောင်မှမြောက်၊ အလယ်မှဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ ဂန့်ဂေါမြို့နယ်မှာ ကန်မြောက်ပိုင်းဒေသဟာ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲတီစိမ်းအစရှိတဲ့ ကောက်ပဲသီးနှံများ တစ်မြို့နယ်လုံးအထွက်နှုန်းရဲ့ ၇၀ ရာခိုင်နှုန်းခန့်ထွက်တဲ့ ဒေသဖြစ်ပါတယ်။ အဲဒီမြစ်အရှေ့ဘက်ရွာများရဲ့ လယ်ယာထွက်ကုန် သယ်ယူရောင်းဝယ်ရေးလိုအပ်ချက်ကြောင့် ၂၀၀၆ ခုနှစ်ကပင် ပြည်သူတို့က ၎င်းတို့ကိုယ်ပိုင်ငွေဖြင့် ကိုယ်ထူကိုယ်ထကြိုးတံတား ဆောက်လုပ်ခဲ့ကြပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ အဲဒီကြိုးတံတားဟာ ပျက်စီးစပြုလာတဲ့အတွက် ၂၀၁၃ ခုနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျပ်သိန်း ၁၅၀၊ ပြည်သူလူထုမှ သိန်း ၅၀ ခန့် လုပ်အားတန်ဖိုးဖြင့် ရေလယ်တိုင်အသစ်ဆောက်လုပ်ခဲ့ကြပါတယ်။ ဒါ ၂၀၁၆ ခုနှစ်မှာ နှစ်လယ်မှာပဲ ယိုင်လာတဲ့ ရေလယ်တိုင်ဖြစ်ပါတယ်။ အဲဒီမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှာ ရေလယ်တိုင်က ရေကြီးတဲ့အထဲကို မျောပါသွားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့အစိုးရလက်ထက်မှာ ပြည်သူလူထုရဲ့ လိုအပ်ချက်ဖြစ်တဲ့လမ်း၊ တံတားတွေကို နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဦးစားပေးအဆင့်အလိုက် တည်ဆောက်ပေးနေတာကို ပြည်သူလူထုမှလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါတယ်။ ကျွန်မရဲ့မြို့နယ်မှာလည်း Town Plan အရရော၊ အမှန်တကယ်လိုအပ်ချက်အရရော၊ အရှေ့ဂန့်ဂေါနဲ့ အနောက်ဂန့်ဂေါကို ဆက်သွယ်ပေးတဲ့ RC တံတားကြီးဆောက်လုပ်နေတာဟာလည်း ပြီးစီးလုပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဒီသာလင်း-မြင်သားကြိုးတံတားကတော့ ၂၀၁၆ ခုနှစ်မှာ ရေမျောပါပျက်စီးပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ကျေးလက်တံတားစာရင်းဝင်ဖြစ်လို့ ပြန်လည်ဆောက်လုပ်မပေးနိုင်ခဲ့ပါဘူး။ အခု ၂၀၁၈ Mini Budget မှာလည်း အပါဝင်ခဲ့ပါဘူး။ ပြည်သူ့အစိုးရလက်ထက်မှာ မူလကမရှိသေးတဲ့လမ်း၊ တံတားတွေကိုပင် အမှန်တကယ်လိုအပ်ပါက အသစ်တည်ဆောက်ပေးနေပါတယ်။ ဒီတံတားကတော့ မူလကပင် မဖြစ်မနေလိုအပ်လို့ ပြည်သူတို့က ၎င်းတို့ငွေဖြင့် လွန်ခဲ့သော ၁၂ နှစ်ကပင် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပျက်စီးသွားချိန်မှာလည်း အခြေအနေအရ ပြန်လည်လုပ်ပေးနိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီလိုတံတားမရှိလို့ အခက်အခဲကြုံတွေ့နေချိန်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တစ်နှစ်လျှင် သိန်း ၂၀ နဲ့ ကူးတို့လိုင်စင်ချထားပေးတဲ့အတွက် ဆိုင်ကယ်တစ်စီးနဲ့လူတစ်ယောက်ကို တစ်ခေါက်လျှင် ၁၅၀၀ နှုန်းပေးပြီး တစ်နှစ်ကိုခြောက်လခန့် မြစ်ကိုဖြတ်ကူးနေကြရပါတယ်။ နေ့စဉ်နေ့စဉ် ကူးတို့ခ တစ်သိန်းခွဲနဲ့ နှစ်သိန်းကြားကို ကုန်ကျနေပါတယ်။ ဒါ့အပြင် မကျန်းမာတဲ့ လူနာတွေနဲ့ ကျောင်းသားကျောင်းသူတွေ မတော်တဆအန္တရာယ်ရှိခဲ့ပါက မူလကရှိတာကို ပြန်လည်တည်ဆောက်မပေးရ

ကောင်းလားလို့ အပြစ်တင်စရာဖြစ်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုလာမယ့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ သာလင်း-မြင်သာ မြစ်သာမြစ်ကူးတံတားအဖြစ် ဘေလီ သို့မဟုတ် RC တံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါ၍ ပြည်သူတို့ကိုယ်စား ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ကမေးမြန်းထားတဲ့ ဂန့်ဂေါမြို့နယ်မှာ ၂၀၁၆ ခုနှစ် မိုးရာသီ၌ သာလင်း-မြင်သာ မြစ်သာမြစ်ကူးတံတားဟာ မျောပါပျက်စီးသွားခဲ့ရာ မြစ်သာမြစ်ကူးတံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်အတွင်းရှိ သာလင်း-မြင်သာ မြစ်သာမြစ်ကူးကြိုးတံတားဟာ မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ကံသာ-မိုးစိုးရွာသစ်-မိုးစိုရွာဟောင်း-ချောင်းကောက်-လယ်ကြီး-ဝင်ဝကျေးရွာများနှင့်ဆက်သွယ်တဲ့ ဂဝံမြေနီလမ်းနှင့် မြစ်သာမြစ်အနောက်ဘက်ခြမ်းမှာရှိတဲ့ တောင်ခရမ်း-သာလင်းကျေးရွာတို့ကိုဆက်သွယ်တဲ့ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့လမ်းပေါ်မှာ တည်ရှိတဲ့တံတားဖြစ်ပါတယ်။ အဆိုပါကြိုးတံတားကို ကျေးရွာများက ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မိုးရာသီမှာ ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ရပါတယ်။ တံတားပြန်လည်တည်ဆောက်ပြီးစီးပါက မြစ်သာမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာများကို အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ သာလင်း-မြင်သာ မြစ်သာမြစ်ကူးကြိုးတံတားဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(B)ဦးစားပေးအဆင့်(၂) လမ်းပေါ်မှာတည်ရှိလို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထား ထားပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝ ငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက် တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်တင်တင်ရီအား အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင့်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၅၅ အရ အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတင်သွင်းသွား မည့်အဆိုမှာ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွား မှာဖြစ်ပါတယ်ရှင်။ ယင်းအဆိုကိုတင်သွင်းရခြင်းမှာ ဥက္ကဋ္ဌကြီးရှင်။ သဘာဝငှက်သိုက်များကို ပြုလုပ်လေ့ရှိသည့် ဇီဝဖိုးငှက်များသည် အပူပိုင်းဒေသကမ်းရိုးတန်းအနှံ့အပြားတွင် တွေ့ရ၍ ဆေးရှဲကျွန်းစု၊ မော်ရစ်ကျွန်းစုမှ ကွင်စလန်းအထိ ပျံ့နှံ့နေသည့်အပြင် မြန်မာနိုင်ငံတွင် သဘာဝ ငှက်သိုက်တောင်များကို ထားဝယ်ခရိုင် လောင်းလုံမြို့နယ်မောစကောကျွန်း မြိတ်ကျွန်းစုများ၊ ပုသိမ်မြို့ အနောက်တောင်ဘက်ရှိကျွန်းများတွင်လည်းကောင်း၊ တနင်္သာရီတိုင်းအတွင်းရှိ ငှက်သိုက်ကျွန်းပေါင်း ၃၂ ကြောမှာ အဖိုးတန်ငှက်သိုက်များကို မြိတ်ကျွန်းစုရှိ ကျွန်းစုမြို့နယ်မှ ရေအိတ်ငှက်သိုက်တောင်၊ ဘုတ်ပြင်းမြို့နယ်ရှိ ပုလုတိကျွန်း၊ ကော့သောင်းမြို့နယ်ရှိ ကဆိုင်းလှနှင့် ကော့ငှါန်းကျွန်းစုများ၊ ပုလော မြို့နယ်မှာ မလိကျွန်းစုတို့တွင် ငှက်သိုက်အများဆုံးထွက်ရှိကာ နိုင်ငံခြားဈေးကွက်တွင် ဈေးကောင်း ရရှိသည့် အဖိုးတန်သဘာဝသစ်တောထွက်ကုန်များကြောင့် တနင်္သာရီတိုင်းဒေသကြီးသည် နိုင်ငံတော် ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြောင်း သိသာထင်ရှား ခဲ့ပါသည်။ ငှက်သိုက်များသည် ဇီဝဖိုးငှက်ငယ်တို့၏ အန်ဖတ်ဖြင့်ပြုလုပ်သည့် အသိုက်များဖြစ်၍ ၎င်းတို့အသိုက်မှစွန့်ခွာသည့်အချိန်တွင် လူတို့မှခက်ခဲစွာတက်ရောက်၍ ခွာယူလာခဲ့ကြသည့် ငှက်သိုက်အဟောင်းများပင်ဖြစ်၍ ၎င်းတို့သည် ပရိုတင်းဓာတ်ကြွယ်ဝ၍ အာဟာရများစွာပါဝင်တဲ့ ဆေးဘက်ဝင်ပစ္စည်းတစ်မျိုးဖြစ်၍ အဖိုးအနဂ္ဃထိုက်သဖြင့် ရွှေဖြင့်ပင်စပ်၍ ဝယ်ယူရကြောင်းနှင့် ယင်းဇီဝဖိုးအန်ဖတ်ငှက်သိုက်များကို တရုတ်-မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှာ အများဆုံးဝယ်ယူကြရာ ပထမတန်းစားအဖြူရောင်ငှက်သိုက် တစ်ပိဿာ၏တန်ဖိုးမှာ ဒေါ်လာ ၂၀၀၀ ပတ်ဝန်းကျင်အထိ ဈေးပေါက်နေကြောင်း သိရှိရပါသည်။ သဘာဝငှက်သိုက်များသည် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ အဓိပ္ပာယ်ဖော်ပြချက် ပုဒ်မခွဲ(၁)တွင် သစ်တောထွက်ကုန်ပစ္စည်း ၂၉ မျိုးတွင် သတ်မှတ်ပြဋ္ဌာန်း ထားရာ ငှက်သိုက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးရှင်။ သဘာဝငှက်သိုက်များသည် နိုင်ငံခြားဈေးကွက်တွင် ဈေးကွက်ဝင်အဖိုးတန် သစ်တောထွက်ကုန်ပစ္စည်းဖြစ်၍ ယနေ့ခေတ်တွင် လူချမ်းသာများသာမက လူလတ်တန်းစားများပါ ဆေးဝါးများအဖြစ် မှီဝဲသုံးစွဲလာရာမှ အရှေ့တောင်အာရှ၏ ငှက်သိုက်လုပ်ငန်းသည် ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိလုပ်ငန်းတစ်ခု ဖြစ်လာခဲ့ပါသည်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဇီဝဖိုးငှက်သိုက်များကို ပင်လယ်သမုဒ္ဒရာတို့အလယ်မှာ လူသူမနီးသော ကျွန်းပေါ်ရှိအလွန်မြင့်မားသော ကျောက်ဆောင်၊ လိုဏ်ဂူများ၏ မျက်နှာကျက်အထက်တွင် အသိုက်ဖွဲ့လေ့ရှိပါသည်။ ငှက်သိုက်စုဆောင်းချိန်တွင် ကျောက်ဆောင်၊ ကျောက်လိုဏ်ခေါင်းအတွင်း နံရံကို ခက်ခဲစွာတက်ရောက်၍ ဆွတ်ခူးနိုင်ရန် ကျောက်ဆောင်များကိုငြမ်းဆင်၍ သက်စွန့်ဆံဖျားလိုက်လာ စုဆောင်းရပါသည်။ မြန်မာနိုင်ငံတွင် ငှက်သိုက်ရသည့်ကျွန်းများကို သစ်တောဦးစီးဌာနမှ စီမံအုပ်ချုပ်၍ ငှက်သိုက်ထုတ်ယူခွင့်လိုင်စင်ကိုထုတ်ပေးပြီး ငှက်မျိုးစိတ်မပြုန်းတီးစေရန် ဥပဒေများကို လိုအပ်သလိုထုတ်ပြန်၍ စောင့်ရှောက်ပေးလျက်ရှိပါသည်။ ဧပြီလ၊ မေလ၊ ဇွန်လများတွင် သားပေါက်ရာသီအဖြစ်သတ်မှတ်၍ ငှက်သိုက်စုဆောင်းရရှိခြင်းကို တားမြစ်ထားသော်လည်း ငှက်သိုက်ကျွန်းပေါ်သို့တက်ရောက်၍ ငှက်သိုက်ခိုးယူတက်သူများရန်နှင့် ဇီဝဖိုးငှက်ငယ်လေးများကို ဖမ်းယူစားသောက်လေ့ရှိသည့် သိန်းငှက်၊ စွန်ငှက်တို့ရဲ့အန္တရာယ်ကိုလည်း သစ်တောဝန်ထမ်းများမှ ကာကွယ်ပေးကြရပါသည်။ တစ်နှစ်တာအတွက် ငှက်သိုက်သိမ်းယူခွင့်လိုင်စင်များကို ချမှတ်ပေးရာတွင် ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ် မောစကောအုပ်စုတွင် ငွေကျပ်ခုနစ်သိန်းဖြင့်လည်းကောင်း၊ ကျွန်းစုမြို့နယ် ရေအေးကျွန်းအုပ်စုတွင် ၁၆.၅ သိန်း၊ ကော့သောင်းမြို့နယ် ကဆိုင်းလှနှင့် ကော့ငှါး ကျွန်းစုတွင် ငွေကျပ်သိန်း ၇၂၀၀ ဖြင့်လည်းကောင်း၊ ပုလောမြို့နယ် မလိကျွန်းစုတွင် ငွေကျပ် ၁၀၂၆၅၀ ဖြင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်မှ လေလံအောင်ခဲ့ကြောင်း သိရှိရပါသည်။

ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ ပါပြဋ္ဌာန်းချက်အရ ငှက်သိုက်အပါအဝင် သစ်မဟုတ်သည့် သစ်တောထွက်ကုန်များမှ ကောက်ခံရရှိသည့်အခွန်ငွေများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်ရပါသည်။ သို့ရာတွင် ငှက်သိုက်ကျွန်းများမှ အဖိုးတန်ငှက်သိုက်များကို တစ်နေ့လျှင်လေးကြိမ်ခွဲယူ၍ ထုတ်ယူစုဆောင်းမှုများရှိနေသော်လည်း ကျွန်းပေါ်ရှိ ချုံပုတ်၊ နွယ်ပင်နှင့် သစ်ပင်၊ ဝါးပင်များကို ခုတ်ထွင်ရှင်းလင်းမှုမရှိဘဲ ထိန်းသိမ်းစောင့်ရှောက်မှုနည်းပါးမှုကြောင့် ဇီဝဖိုးငှက်ငယ်လေးများသည် သိန်းငှက်၊ စွန်ငှက်များ၏ ဖမ်းယူစားသောက်မှုရန်မှကာကွယ်ရန် သဘာဝကျောက်ဆောင်၊ လိုဏ်ဂူ၊ ကျွန်းများကိုဖယ်ခွာ၍ လွန်ခဲ့သည့် ၁၀ နှစ်ကျော်မှစ၍ လူတို့၏ဖန်တီးပြုလုပ်ထားသော ငှက်အိမ်များသို့ဝင်ရောက်၍ အသိုက်ပြုလုပ်လာခဲ့ကြပါသည်။ လူတို့ဖန်တီးထားသည့်ငှက်အိမ်များသည် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တစ်ဝိုက်တွင် အိမ်ပေါင်း ၁၃၀ ခန့်ရှိကြောင်းနှင့် ၎င်းငှက်သိုက်များသည်လည်း အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၆ သိန်းမှ ၂၂ သိန်းအထိ ပေါက်ဈေးရှိကြောင်းနှင့် လက်လီအားဖြင့် တစ်ကျပ်သားလျှင် ငွေကျပ် ၃၀၀၀၀ အထိရရှိကြောင်း သိရှိရပါသည်။ ယင်းသို့ လူတို့ဖန်တီးထားသည့် ငှက်အိမ်များသို့ ဇီဝဖိုးငှက်ငယ်လေးများ ဝင်ရောက်လာသည်နှင့်အမျှ သဘာဝလိုဏ်ဂူများ၊ ကျွန်းအုပ်စုများတွင် ငှက်သိုက်အထွက်နှုန်းများ နှစ်စဉ်လျော့နည်းလာကာ ကာလကြာရှည်လာပါက သဘာဝငှက်သိုက်တောင်များသည် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်မည့်အန္တရာယ်ကိုလည်း ကြိုတင်

တွေ့ကြုံပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများ၊ စူးစမ်းလေ့လာသူများနှင့် ဒေသခံများက စိုးရိမ်ပူပန်လာခဲ့ကြပါသည်။ အဖိုးတန်ငှက်သိုက်များကို ထုတ်ယူသုံးစွဲရေရုံသာမက ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန်မှာလည်း အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက် တောင်များရှိရာကြောများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်တင်ရီ တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးသောပုဂ္ဂိုလ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီရဲ့ငှက်သိုက်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငှက်သိုက်ဆိုလို့ အဲဒီငှက်ကို အဝေးကြီးသွားကြည့်စရာမလိုပါဘူး။ ဒီနေပြည်တော် လွှတ်တော်ထဲက သဘင်ဆောင်မှာကို ရောက်နေပါပြီ။ တစ်နှစ်ထက်တစ်နှစ်လည်း ပိုပြီးတော့များလာတာကို တွေ့နေရပါတယ်။ ဒီငှက်တွေဟာ ဧည့်သည်ငှက်မဟုတ်တော့ဘဲနဲ့ ဒီမှာပေါက်ဖွားတဲ့ငှက်တွေလို့ယူဆရပါတယ်။ နှစ်တစ်နှစ်ကို မြန်မာနိုင်ငံမှာကျတော့ ကမ်းရိုးတမ်းဒေသမှာဖြစ်တဲ့ တနင်္သာရီ၊ မွန်၊ ဧရာဝတီ၊ ရခိုင်ဒေသနှင့် တခြားဆက်စပ်နေတဲ့ ကရင်၊ ပဲခူးတွေမှာလည်း အနည်းငယ်တွေ့ရပါတယ်။ အဲဒီနေရာတွေမှာလည်း ပေါက်ဖွားနေတာ၊ မွေးမြူနေတာတွေ တွေ့နေရပါတယ်။ အခြားအခြားသောအိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှာလည်း ပေါက်ဖွားနေထိုင်ကြပါတယ်။ မွေးလည်းမွေးနေကြပါတယ်။ အဲဒီနိုင်ငံတွေမှာကျတော့ မြန်မာနိုင်ငံလိုပဲ အိမ်မွေးငှက်အဖြစ် အမြောက်အများမွေးနေတာကို သိရှိရပါတယ်။ ဒီငှက်သိုက်ငှက်ကို ရုတ်တရက်ကြည့်ရင်တော့ ပျံလွှားငှက်နဲ့ဆင်တူပါတယ်။ သူတို့ရဲ့အရွယ်နဲ့ပျံသန်းပုံကိုကြည့်ပြီးတော့၊ တောင်ပံဖြတ်တဲ့ပုံကိုကြည့်ပြီးတော့ ခြားနားရပါတယ်။ သူတို့ကို ကျွန်တော်တို့ဒေသမှာကြတော့ ဇီဝဇိုးငှက်လို့ခေါ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီငှက်သိုက်ငှက်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်ကတော့ သဘာဝအတိုင်းပဲ ပင်လယ်ထဲကကျောက်ဆောင်တွေပေါ်မှာ နေလာခဲ့တာပါ။ အခုတော့ လူတွေနဲ့ရောပြွန်းနေတဲ့အဆင့်ကို ရောက်ရှိလာကြပါတယ်။ ဒါကြောင့်လည်းပဲ လူတွေက ငှက်ခေါ်စက်တွေသုံးပြီးတော့ခေါ်တယ်။ အိမ်တွေမှာလည်း ငှက်တွေကြိုက်တဲ့သဘာဝနဲ့နီးစပ်အောင် ဆောက်လုပ်ကြပါတယ်။ ကြာလာတော့ လူတွေနေတဲ့အိမ်မှာ မြဲလာကြပါတယ်။ သူတို့မိဘ၊ ဘိုးဘွားတွေရဲ့အိမ်လို့ပဲ ထင်မြင်သွားကြပါတယ်။ အဲဒါကြောင့်လည်းပဲ ငှက်သိုက်မွေးမြူရေးတွေထွန်းကားလာတာဖြစ်ပါတယ်။ အဲဒီထွန်းကားလာတာ ကမ္ဘာနှင့်အနှံ့အပူပိုင်းဒေသမှာကို ဖြစ်ပေါ်လာပါတယ်။ အသေးစိတ်သိချင်ရင်တော့ Youtube ထဲက Website မှာ Bird Net မှာ ဝင်ကြည့်လို့ရပါတယ်။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ ငှက်သိုက်ကို နှစ်မျိုးလို့ နှစ်နေရာထုတ်လုပ်နေတယ်လို့ ကျွန်တော်တို့ နားလည်ရပါမယ်။ တစ်မျိုး

ကြတော့ သဘာဝငှက်သိုက်ပေါ့။ ပင်လယ်ထဲမှာနေတဲ့၊ ပင်လယ်ထဲမှာရှိတဲ့လူမနေတဲ့၊ ဒါမှမဟုတ်လို့ ရှိရင် လူနေပေမဲ့လည်း လူနဲ့ဝေးတဲ့ကျောက်တောင်တွေမှာရှိတဲ့ကျွန်းတွေမှာ နေကြပါတယ်။ နောက်တစ်မျိုးက အိမ်ကမွေးတဲ့ငှက်သိုက်ပါ။ အိမ်မှာမွေးတဲ့ ငှက်သိုက်လုပ်တဲ့အိမ်တွေကိုလည်း သေချာစာရင်းပြုစုကောက်ယူရပါမယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်တွေခွင့်ပြုပြီးတော့ အခွန်များကိုလည်း သင့်တင့်တဲ့အခြေအနေမျိုးဖြစ်ဖို့၊ စစ်ဖို့ စစ်တမ်းကောက်ယူသင့်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်တော်တို့ ငှက်သိုက်နဲ့ပတ်သက်ပြီးတော့ အခွန်ကောက်တဲ့အခါကျတော့ နိုင်ငံတော် ကခွင့်ပြုထားတာကတစ်မျိုး၊ အောက်ခြေမှာကျတော့ ကောက်တာကတစ်မျိုး ဖြစ်နေလို့ပါ။ တကယ် ကျွန်တော်တို့ ပုလောမှာဆိုရင် ငှက်သိုက်မွေးတဲ့အိမ်က ရာနဲ့ချီရှိပါတယ်။ တကယ့်တကယ်ကျတော့ ၁၀ အိမ်တောင် မရှိပါဘူး။ အဲဒါလေးတွေ ကျွန်တော်တို့ သေချာစစ်တမ်းကောက်ယူသင့်ပါတယ်။ အိမ်မွေးငှက်လို့ခေါ်တဲ့ငှက်တွေကို စက်တွေအသုံးပြုပြီးတော့ ခေါ်ပါတယ်။ သူတို့နေလိုတဲ့ဆန္ဒရှိအောင် အိမ်ကို ပြုပြင်ပြင်ဆင်ထားရပါတယ်။ ပြီးတော့မှ ငှက်ခေါ်စက်အသံထုတ်လိုက်ရပါတယ်။ အဲဒီငှက် အသံတွေကြောင့်လည်းပဲ ငှက်တွေလာကြတယ်။ လာလေ့လာတယ်။ ကျေနပ်တော့မှ အဲဒီအိမ်မှာ နေလိုက်ကြပါတယ်။ အဲဒီအိမ်ကငှက်တွေဟာ တခြားအိမ်တွေကလာတဲ့ငှက်တွေလည်း ဖြစ်ချင်လည်း ဖြစ်မယ်။ ပင်လယ်ကျွန်းကလာတဲ့ ငှက်တွေလည်းဖြစ်ချင်လည်းဖြစ်မယ်။ ဒါကတော့ အခြေအနေ တစ်ခု။ ဒါပေမဲ့ ဒီနေရာကစပြီးတော့ အရေးကြီးလာပြီဖြစ်ပါတယ်။ အိမ်မွေးငှက်ပဲဖြစ်ဖြစ်၊ သဘာဝ ကျွန်းက လာတဲ့ငှက်ပဲဖြစ်ဖြစ် သူတို့ရဲ့နေထိုင်မှုသဘာဝကို နှောင့်ယှက်မှုမဖြစ်ဘူးဆိုလျှင် ဆက်နေပါ တယ်။ တကယ်လို့ အန္တရာယ်ရှိနေလို့ရှိရင်တော့ မလာကြတော့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူတို့က အလွန်တရာနူးညံ့ပါတယ်။ ပိုးဟပ်၊ ကြွက်၊ အိမ်မြှောင်၊ တောက်တဲ့၊ မြွေနဲ့ အခြားသော ငှက်တွေလည်း သူတို့ကကြောက်ပါတယ်။ အိမ်တွေမှာကျတော့ ဒါတွေမလာအောင် တားဆီးထားပါ တယ်။ အဆင်ပြေ အောင်လုပ်ပေးထားပါတယ်။ သဘာဝနဲ့အနီးစပ်ဆုံးဖြစ်အောင် ပြုပြင်ထားကြပါ တယ်။ ဒါကြောင့်သူတို့တွေက သဘာဝထက် အိမ်တွေမှာပိုပြီးတော့ ပျော်လာပါတယ်။ သဘာဝမှာကျ တော့ ဒီအတိုင်းပဲ ပြစ်ထားလိုက်ကျတော့ ဒါက တစ်ပိုင်းပေါ့။ လူတွေက အလွန်အကျွံ ထုတ်တာလည်း တစ်ပိုင်း။ နောက်တစ်နည်းအားဖြင့် အဆင်ပြေအောင်ပြုမူနိုင်တဲ့ အဆင်ပြေအောင်ပြုလုပ်ပေးနိုင်မှု တွေက အလွန်တရာနည်းပါးပါတယ်။ ဒါကြောင့်လည်းပဲ ငှက်သိုက်တွေက သဘာဝအရင်းအမြစ်တွေ ဖြစ်တဲ့ မူရင်းနေထိုင်ရာကျွန်းတွေကနေပြီးတော့ နေထိုင်မှုနည်းတာလာပြီးတော့ ကျွန်တော်တို့ လူတွေ နေတဲ့နေရာမှာ များလာခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ဟာ ငှက်သိုက် ငှက်တွေ သဘာဝအတိုင်းနေနိုင်အောင် သူတို့နေတဲ့သဘာဝတွေကို အဆင်ပြေအောင် ထိန်းသိမ်းစောင့်ရှောက် ပေးဖို့ လိုနေပါတယ်။ အခုဖြစ်နေတာက ငှက်သိုက်ကျွန်းတွေမှာရှိတဲ့ ငှက်သိုက်တွေကိုထွက်သမျှကို တော့ ကျွန်တော်တို့ကယူပါတယ်။ ဘာမှပြန်ပြီးတော့ သဘာဝက အများကျယ်ပြန့်အောင်မလုပ်ပေး ဘူးဆိုလို့ရှိရင် အရပ်စကားနဲ့ပြောရရင် စားပြီးနားမလည်သလို ဖြစ်နေပါတယ်။ ငှက်သိုက်ငှက်တွေ နေထိုင်တဲ့ကျွန်းတွေကို သဘာဝအတိုင်းထိန်းသိမ်းခြင်းအားဖြင့် အိမ်မွေးငှက်တို့ မျိုးဆက်မပြတ်ရနိုင် တယ်။ သဘာဝခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပြုနိုင်တယ်။ ဒါကြောင့်လည်း နိုင်ငံတော် နှင့်နိုင်ငံသားတို့ရဲ့အကျိုးစီးပွားကို အထောက်အကူပြုပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့လည်း အချိုးညီစွာဝင်ငွေရရှိနိုင်ပါတယ်။ ဒီလိုအခြေအနေအရပ်ရပ်ကိုကြည့်ပြီးတော့ သဘာဝရဲ့မျှခြေကို ဟန်ချက်ညီအောင် ထိန်းသိမ်းနိုင်တဲ့လုပ်ငန်းတွေကို အချိန်မီ လုပ်နိုင်ဖို့တော့ လိုမှာပဲ။ ဒီနေရာမှာ

ငှက်သိုက်ငှက်တို့ရဲ့ပျော်စံရာ ရပ်ဝန်းကိုလည်း ထည့်သွင်းစဉ်းစားရမှာပါ။ သူတို့တွေဟာ နူးညံ့ကျလို့ သူတို့ကို အန္တရာယ်ပေးမယ့်အခြေအနေတွေ၊ သူတို့ကို အန္တရာယ်ပေးမယ့် လူသားတွေ၊ လုပ်ရပ်တွေ၊ လုပ်နည်းလုပ်ဟန်တွေမဖြစ်အောင် ဒါမှမဟုတ် မဖြစ်ပေါ်လာအောင် ကြိုတင်ထိန်းသိမ်းစောင့်ရှောက်ပေးဖို့လိုပါမယ်။ သဘာဝဆိုတာကလည်း အခြေအနေပေးတုန်း၊ အချိန်နှင့်တစ်ပြေးညီလုပ်မှ အကျိုးရှိတာဖြစ်ပါတယ်။ မိုးလွန်မှာ ထွန်ချလို့မရသလို အခြေအနေတွေ အရမ်းကာရောဆိုးလာပြီးမှ ဆိုလို့ရှိရင် သူတို့ကိုပြန်လာအောင်လုပ်ဖို့က ခက်ခဲသွားပါပြီ။ တကယ်လို့ အခြေအနေကောင်းနေတယ်ဆိုလို့ရှိရင်လည်းပဲ ပိုပြီးတော့ကောင်းအောင်လုပ်ဖို့တော့ ကျွန်တော်တို့စဉ်းစားရပါမယ်။ အခြေအနေကောင်းတွေ ရေရှည်တည်တံ့ဖို့ ပြည်တွင်းမှာရှိတဲ့ ပညာရှင် တွေ၊ ပြည်ပကပညာရှင်တွေ၊ လေ့လာထားတဲ့ပညာရှင်တွေ၊ ဝါသနာရှင်တွေလည်း အများကြီးရှိကြပါတယ်။ အဲဒါတွေနဲ့ ကျွန်တော်တို့စုပေါင်းအားနဲ့ ဘာလိုလုပ်ရင်အကောင်းဆုံးဖြစ်မလဲဆိုတာကိုလည်း နည်းလမ်းရှာသင့်ပါတယ်။ ဒါမှလည်းပဲ ငှက်သိုက်ငှက် ကျွန်တော်တို့ခေါ်တဲ့ ဇီဝဗိုးငှက်တို့ရဲ့ မျိုးမပြုန်းဘဲ ရှိနေပါမယ်။ ဒီလိုရှိနေမယ်ဆိုလို့ရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ ဝင်ငွေတိုးပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်တပ်တအားပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သဘာဝငှက်သိုက်ကျွန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စီမံချက်ချလုပ်ဆောင်ရေးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန် သင့်/မသင့်လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်တင်တင်ရီ တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀-၆-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ၃-၈-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြအသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သီဟ ကတင်သွင်းသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ ၉-၃-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၃-၈-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွား အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)အရ နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်နှင့် သဘာဝသယံဇာတ ကျောက်မျက်ရတနာများကို စနစ်တကျအကျိုးရှိစွာ ထိန်းသိမ်းစောင့်ရှောက် ထုတ်လုပ်သုံးစွဲနိုင်ရန် အတွက်ရည်ရွယ်၍ ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ကြောင်း လေ့လာစိစစ်တွေ့ရှိခဲ့ရပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၅-၂၀၁၈ ရက်၊ ၃၁-၅-၂၀၁၈ ရက်၊ ၁၂-၆-၂၀၁၈ ရက်နှင့် ၁၄-၆-၂၀၁၈ ရက်တို့တွင် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကြပါ တယ်။ ထိုညှိနှိုင်းအစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၂၉၃

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဇွန် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၃-၈-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇-၄၁၃

၁။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ ကတင်သွင်းသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၉-၃-၂၀၁၇ ရက်နေ့တွင်စတင်တင်သွင်းခဲ့ပြီး ၃-၈-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)အရ နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်နှင့် သဘာဝသယံဇာတကျောက်မျက်ရတနာများကို စနစ်တကျအကျိုးရှိစွာ ထိန်းသိမ်းစောင့်ရှောက် ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက်ရည်ရွယ်၍ ရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၅-၂၀၁၈ ရက်၊ ၃၁-၅-၂၀၁၈ ရက်၊ ၁၂-၆-၂၀၁၈ ရက်နှင့် ၁၄-၆-၂၀၁၈ ရက်တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**မူကြမ်း**

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၄)ခန်း နှင့်အပိုဒ်ပေါင်း ၆၀ ပိုဒ်ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၆၈)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**၂၀၁၈ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အခန်း (၁) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေဟု ခေါ်တွင်စေရမည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း ဆိုသည့်စကားရပ်ကို ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း ဟုပြင်ဆင်ပြီး ယင်းဥပဒေကြမ်းရှိ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း ဆိုသည့်စကားရပ်ကို ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဟု အသီးသီးပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) တွင်းဝခွန်ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းမှ မူလအတိုင်း ထွက်ရှိလာသော ကျောက်မျက်ရတနာများအပေါ် ဤဥပဒေအရ ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဆ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အပိုဒ်ခွဲ(ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဍ) ကုမ္ပဏီဆိုသည်မှာ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီး ဝန်ကြီးဌာနတွင် ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ထားသောကုမ္ပဏီကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဏ) အလတ်စားတူးဖော် ထုတ်လုပ်ခြင်းဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး

ရတနာနယ်မြေ၌ ၅ ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းအတွင်း ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တူးဖော်မှုနည်းစနစ်နှင့် စက်ယန္တရားတို့အသုံးပြု၍ ၃ နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(တ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) အသေးစားတူးဖော်ထုတ်လုပ်ခြင်း ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှုပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာ၌ ၃ ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်းအတွင်း ဤဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တူးဖော်မှုနည်းစနစ်နှင့် စက်ယန္တရားတို့အသုံးပြု၍ ၂ နှစ်အထိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ထ) လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ညှိနှိုင်းပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း လက်လုပ်လက်စားလုပ်ကိုင်ခွင့်ပြုသည့် နယ်မြေဧရိယာတွင် ၁ ဧကထက်မပိုသောလုပ်ကွက်အကျယ်အဝန်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားများစည်းကမ်းနှင့်အညီ တစ်နှစ်အထိ ဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျောက်မျက်ရတနာ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ရှိ ခွင့်ပြုချက်ကို ဆိုသည့်စကားရပ်ကို ခွင့်ပြုမိန့်ကိုဟု ပြင်ဆင်ပါသည်။

(ဍ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(န)နှင့်(ပ)တို့ကို ပယ်ဖျက်ပါသည်။

(ဎ) အပိုဒ် ၂ အပိုဒ်ခွဲ(ဗ)ကို အပိုဒ်ခွဲ(ပ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၂ အပိုဒ်ခွဲ(မ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(မ) ကျောက်မျက်ရတနာ လက်လုပ်လက်စား ရှာဖွေတူးဖော်ထုတ်လုပ်သူ ဆိုသည်မှာ အဆိုပါထုတ်လုပ်ခွင့်အတွက် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ် ကျောက်မျက်ရတနာအုပ်ချုပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော နိုင်ငံသားကို ဆိုသည်။

(တ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ရှိ တရားမဝင်ထုတ်လုပ်ခြင်းများဆိုသည့် စကားရပ်ကို တရားမဝင်တူးဖော်ထုတ်လုပ်ခြင်းများဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၃ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဓာတ်ခွဲခန်း လုပ်ငန်း၊ သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(ဒ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ရှိ ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေရမည် ဆိုသည့် စကားရပ်၏နောက်တွင် ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(ဓ) အပိုဒ် ၇ ရှိ အစိုးရအဖွဲ့၏ ဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ဟု ပြင်ဆင်ပါသည်။

(န) အခန်း(၄) အပိုဒ် ၉ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် အလို့ငှာရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့်နေရာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အလတ်စားကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။

(ပ) အခန်း(၅) အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၀။ ဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးငှာ နိုင်ငံတော်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့် စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

(ဖ) အပိုဒ် ၁၀ ကို အပိုဒ် ၁၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၁။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သောဈေးနှုန်းကိုသတ်မှတ်၍ အဆိုပြုလွှာခေါ်ယူရမည်။ အကယ်၍

လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သောရွေးချယ်မှု စည်းကမ်းချက်များသတ်မှတ်၍ တင်ဒါစနစ်ဖြင့် ရွေးချယ်ရမည်။

(ဗ) အပိုဒ် ၁၁ ကို အပိုဒ် ၁၂ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ သင်းဖွဲ့မှတ်တမ်းအရလည်းကောင်းဆိုသည့်စကားရပ်ကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းအရလည်းကောင်းဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၁၂ ကို အပိုဒ် ၁၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၁ ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၁၂ ပါဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၁၃ ကို အပိုဒ် ၁၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ယ) အပိုဒ် ၁၄ ကို အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။

(ရ) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(က)နှင့်(ခ)တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို ဆိုသည့်စကားရပ်ကို သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှုနှင့် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကိုဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ၃ နှစ်ထက်မပိုစေဘဲ ဆိုသည့်စကားရပ်ကို ၃နှစ်ထိတစ်ကြိမ်သာဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(လ) အပိုဒ် ၁၆ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျောက်မျက်ရတနာထွက်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့်ညှိနှိုင်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အဆိုပြုသော ပုဂ္ဂိုလ် ၃ ဦး ထက်မနည်းပါဝင်ပြီး အဖွဲ့ဝင် ၉ ဦးထက်မပိုသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ဝ) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ်

လက်လုပ်လက်စားတူး ဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့်နေရာဒေသများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ကွက်ချထားပေးနိုင်သည်။

(သ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် နေရာဒေသအတွင်းရှိ မြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ဟ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) ပုဒ်မခွဲ(က)အရ ချထားပေးသော လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုသည့် နယ်မြေဧရိယာအတွင်း ကျောက်မျက်ရတနာ ရှာဖွေတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ထံတွင် သတ်မှတ်စည်းမျဉ်းနှင့်အညီမှတ်ပုံတင်၍ လျှောက်ထားလုပ်ကိုင်ရမည်။

(ဠ) အပိုဒ် ၁၈ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၁၉ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)တို့ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) အသေးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ခွင့်ပြုမိန့်သက်တမ်းနှင့် စျေးနှုန်းကိုသတ်မှတ်ပေးရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သော ရွေးချယ်မှုစည်းကမ်းချက်များသတ်မှတ်၍ တင်ဒါစနစ်ဖြင့် ရွေးချယ်ရမည်။

(အ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)တို့ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဂ)ရှိ ၂ နှစ်ထက်မပိုသောဆိုသည့် စကားရပ်ကို ၂ နှစ်ထိတစ်ကြိမ်သာဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ရှိ သတ်မှတ်ထားသော ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသောဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၉ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(င) လက်လုပ်လက်စား လုပ်ကိုင်လိုသူ နိုင်ငံသားတစ်ဦးချင်းကို စည်းကမ်း နည်းလမ်းနှင့်အညီ ၁ နှစ်သက်တမ်းဖြင့် မှတ်ပုံတင်ပေးရမည်။

( - ) အခန်း(၆) အပိုဒ် ၂၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိနည်းဥပဒေများ၊ စည်းမျဉ်းများ၊ ဆိုသည့်စကားရပ်ကို နည်းဥပဒေ၊ စည်းမျဉ်းဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ထုတ်လုပ်ရရှိသည့် ဆိုသည့်စကားရပ်ကို ရှာဖွေတူးဖော်ထုတ်လုပ်ရရှိသည့်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဆ) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အပိုဒ် ၂၂ အပိုဒ်ခွဲ(ဆ) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဆ)ခြေဆင်းရှိ နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများ ဆိုသည့်စကားရပ်ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၁)ရှိ သတ်မှတ်ခြင်းဆိုသည့်စကားရပ်ကို အကျိုးအမြတ် အပေါ်မှ မျှဝေခံစားခွင့်သတ်မှတ်ခြင်းဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ ကို အပိုဒ် ၂၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ နည်းဥပဒေများဆိုသည့် စကားရပ်ကို နည်းဥပဒေဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)ခြေဆင်းကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ)ခြေဆင်းအဖြစ် ယင်းကျောက်မျက်ရတနာအရိုင်းကိုဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)နှင့်(၃)တို့ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂) နှင့်(၃)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) (၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်ကျင်းပသော ကျောက်မျက်ရတနာပြပွဲများ တွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာ ဈေးတွင်လည်းကောင်း၊ ဝန်ကြီးဌာနကခွင့်ပြုသည့် သက်ဆိုင်ရာ မြို့များတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄) (၆) နှင့် (၇) တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၅)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) (၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက် ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများတွင် နိုင်ငံခြားသုံးငွေဖြင့် ရောင်းချတင်ပို့ခွင့်ရှိသည်။

( - ) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) ကျောက်မျက်ရတနာ အချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း-

(၁) ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူခွင့် ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင်လည်းကောင်း၊ ဝန်ကြီးဌာနက ခွင့်ပြုသည့်မြို့များတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာ ပြပွဲများပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်တွင်းသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) ပြည်ပမှရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့်ဖိတ်ခေါ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပကျောက်မျက်ရတနာ ပြပွဲများတွင် သွားရောက်ရောင်းချခွင့်ရှိသည်။

( - ) အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၆။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကွက်အတွင်းမှ ကျောက်မျက်ရတနာ မဟုတ်သော အခြားတွင်းထွက် သို့မဟုတ် သတ္တုဒြပ်ပေါင်းများတွေ့ရှိပါက ဝန်ကြီးဌာနသို့ သတင်းပေးပို့အပ်နှံရမည်။

( - ) အခန်း(၇) ခေါင်းစဉ်ရှိ လက်ဝတ်ရတနာ ရောင်းချခြင်းလုပ်ငန်း ဆိုသည့်စကားရပ်ကို လက်ဝတ်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၇) အပိုဒ် ၂၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရောင်းချခြင်းဆိုသည့်စကားရပ်ကို ရောင်းဝယ်ခြင်းဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(က)နှင့်(ခ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က)နှင့်(ခ)တို့အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ ပုဒ်မ ၂၅ အရဆိုသည့်စကားရပ်ကို ပုဒ်မ ၂၇ အရဟုလည်းကောင်း ပြင်ဆင်ပြီး အပိုဒ်ခွဲ(ခ)ရှိ လိုင်စင်သက်တမ်းဆိုသည့် စကားရပ်ရှေ့တွင် လိုင်စင်အမျိုးအစားဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( - ) အပိုဒ် ၂၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ဆိုသည့်စကားရပ်ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၈ ကို အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ လိုင်စင်ရရှိသူသည် -

(က) တွင်းဝခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်ရှိသည်။ ဝယ်ယူပြီးပါက သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းပြုလုပ်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကို တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ -

(၁) ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူခွင့် ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ရောင်းချခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးတွင်လည်းကောင်း၊ ဝန်ကြီးဌာနက ခွင့်ပြုသည့် မြို့များတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကျင်းပပြုလုပ်သော ကျောက်မျက်ရတနာပြပွဲများတွင် နိုင်ငံခြားသုံးငွေဖြင့် ရောင်းချတင်ပို့ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ(က)အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကို ပြုလုပ်ထားသောက ျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်

သောပစ္စည်းကိုလည်းကောင်း တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ -

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့် ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့် ဖြစ်စေ ရောင်းချခွင့် ရှိသည်။

(၃) ပြည်ပသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

( - ) အခန်း (၈) အပိုဒ် ၂၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၁ အပိုဒ်(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ရွေးချယ်တာဝန် ပေးအပ်သူများနှင့် အခြားသင့်လျော်သူများပါဝင်သော တန်ဖိုးဖြတ်အဖွဲ့များ ကို လိုအပ်သည့်နေရာဒေသအလိုက် ဖွဲ့စည်းရမည်။

( - ) အပိုဒ် ၃၀ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၂ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အသေးစား တူးဖော်ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ -

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သူများနှင့် အခြားသင့်လျော်သူများ ပါဝင် သော တန်ဖိုးဖြတ်အဖွဲ့များကို လိုအပ်သည့်နေရာ ဒေသအလိုက် ဖွဲ့စည်းရမည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၄ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃၄ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ထုတ်လုပ်ရရှိသော ဆိုသည့်စကားရပ်ကို တူးဖော်ထုတ်လုပ်ရရှိသောဟု ပြင်ဆင် ပါသည်။

( - ) အခန်း(၉) အပိုဒ် ၃၃ ခြေဆင်းကို အပိုဒ် ၃၅ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ ခွင့်ပြုမိန့်ရရှိသူသည် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်းဖိုးဖြတ်အဖွဲ့က ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်သော တန်ဖိုးအပေါ်အခြေပြု၍ အောက်ပါရာခိုင်နှုန်းအတိုင်း မြန်မာ ကျပ်ငွေဖြင့် တွင်း၀ခွန်ပေးဆောင်ရမည် -

( - ) အပိုဒ် ၃၄ ကို အပိုဒ် ၃၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်များရှိ ပုဒ်မ ၃၃ အရဆိုသည့် စကားရပ်ကို ပုဒ်မ ၃၅ အရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၅ ကို အပိုဒ် ၃၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၃ အရဆိုသည့် စကားရပ်ကို ပုဒ်မ ၃၅ အရဟုလည်းကောင်း၊ ၀န်ဆောင်ခပေးဆောင်ရမည်ဆိုသည့် စကားရပ်ကို ၀န်ဆောင်ခအဖြစ် ပေးဆောင်ရမည်ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အခန်း (၁၀) အပိုဒ် ၃၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ တာ၀န်ရှိသူများ၊ ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါ၀င်သည့် ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်း ရမည်။

( - ) အပိုဒ် ၄၀ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၄၂ အပိုဒ်ခွဲ(ဆ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းဥပဒေများ၊ ဆိုသည့်စကားရပ်ကို နည်းဥပဒေ၊ ဟုလည်းကောင်း၊ ကာကွယ် တားဆီးနှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ ဆိုသည့်စကားရပ်ကို ကာကွယ် တားဆီးရေးနည်းလမ်းများအားဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၀ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၄၂ အပိုဒ်ခွဲ(ဇ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဇ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာအချောထည် နှင့်လက်၀တ်ရတနာဈေးကွက်ရာခိုင်နှုန်း ပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် ရတနာခွန်များအပြည့်အ၀ပေးဆောင်စေရန် အထောက်အကူ ပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို ကျင်းပခြင်းနှင့် ၀န်ကြီး ဌာနက ခွင့်ပြုသည့်မြို့များတွင် ကျင်းပခွင့်ပြုခြင်း၊

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(ဌ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဌ) ကျောက်မျက်ရတနာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စံချိန်စံညွှန်းမီ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးကူညီခြင်း၊

( - ) အခန်း(၁၁) ခေါင်းစဉ်ကို စစ်ဆေးခြင်းဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အခန်း(၁၁) အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၄။ စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးရေး အရာရှိချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိ ၃ ဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အဆိုပြုသော ပုဂ္ဂိုလ် ၁ ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

( - ) အပိုဒ် ၄၂ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၄၅ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) တို့အဖြစ် ပြင်ဆင်ပြီး ခြေဆင်းရှိ စစ်ဆေးရေးအရာရှိချုပ် ဆိုသည့်စကားရပ်ကို စစ်ဆေးရေးအဖွဲ့၏ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က)ရှိ နည်းဥပဒေများဆိုသည့် စကားရပ်ကို နည်းဥပဒေဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၃ ခြေဆင်းကို အပိုဒ် ၄၆ ခြေဆင်းအဖြစ် စစ်ဆေးရေးအဖွဲ့သည်ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၂) အပိုဒ် ၄၄ ခြေဆင်းကို အပိုဒ် ၄၇ ခြေဆင်းအဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၄၇။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူ တစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြုခွင့်ပြုမိန့် ရရှိသူကဖြစ်စေ၊ လက်လုပ်လက်စားလုပ်ကိုင်ခွင့်အတွက် မှတ်ပုံတင်ထားသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သော်လည်းကောင်း ဝန်ကြီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရကဖြစ်စေ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

( - ) အပိုဒ် ၄၄ အပိုခွဲ(ခ)နှင့်(ဂ)တို့ကို အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့အဖြစ် အောက်ပါ အတိုင်းပြင်ဆင်ပါသည်-

(ခ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စားမှတ်ပုံတင် သို့မဟုတ် မြေအသုံးပြုခွင့် ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေ အသုံးပြု ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၄ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက် ပါသည်။

( - ) အပိုဒ် ၄၅ ကို အပိုဒ် ၄၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၈။ မည်သူမဆို ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ ၊ လက်ဝတ်ရတနာကိုဖြစ်စေ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ပြည်ပသို့ သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( - ) အပိုဒ် ၄၆ ကို အပိုဒ် ၄၉ အဖြစ်ပြင်ဆင်ပြီး ခြေဆင်းရှိထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ကို ထိထောင်ဒဏ် ဟုပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(ခ)ရှိ ထုတ်လုပ်ရရှိသော ဆိုသည့်စကားရပ်ကို တူးဖော်ထုတ်လုပ်ရရှိသောဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၇ ကို အပိုဒ် ၅၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၀။ မည်သူမဆို ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များနှင့်မညီဘဲ ပြည်ပသို့သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

( - ) အပိုဒ် ၄၈ ကို အပိုဒ် ၅၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၁။ မည်သူမဆို ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့် မရရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံးခုနစ်နှစ် ထိထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ် နိုင်သည်။

( - ) အပိုဒ် ၄၉ ကို အပိုဒ် ၅၂ အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ နည်းဥပဒေများဆိုသည့် စကားရပ်ကို နည်းဥပဒေ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၂၅ ပါဆိုသည့် စကားရပ်ကို ပုဒ်မ ၂၇ ပါဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၀ ကို အပိုဒ် ၅၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၀ ပုဒ်မခွဲ(ဆ) ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)ဟုလည်းကောင်း၊ ထောင်ဒဏ်သုံးနှစ် အထိဖြစ်စေ ဆိုသည့်စကားရပ်ကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၁ ကို အပိုဒ် ၅၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၄။ မည်သူမဆို မြေအသုံးပြုခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး သုံးလထိထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

မှုကြမ်း

( - ) အခန်း (၁၄) အပိုဒ် ၅၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၇ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည့်စကားရပ်ကို ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကိုဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၄ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)တို့ကို အပိုဒ် ၅၇ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ်အား လုပ်ငန်းစတင်သည်နှင့် တစ်ပြိုင်နက်တည်း ဝန်ကြီး ဌာန၌ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၌ ဖြစ်စေ ထူထောင်ထားရှိဆောင်ရွက်ရမည်။

(ဃ) အထက်ပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စစ်ဆေးရာတွင် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်အပါအဝင် နိုင်ငံတကာ အသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိစေရန် ဆောင်ရွက် ရမည်။

( - ) အပိုဒ် ၅၅ ကို အပိုဒ် ၅၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၈။ ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ တာဝန်ပေးအပ်သော အရာရှိကဖြစ်စေ ဤဥပဒေအရ ရရန်ရှိသောငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

( - ) အပိုဒ် ၅၆ ကို အပိုဒ် ၅၉ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ သက်တမ်းကုန်ဆုံးသည့် နေ့အထိသာဆိုသည့်စကားရပ်ကို သက်တမ်းကုန်ဆုံးသည့်နေ့အထိဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဆိုသည့်စကားရပ်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၇ ကို အပိုဒ် ၆၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းအား ဆိုသည့်စကားရပ်ကို ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းအားဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၈ ကို အပိုဒ် ၆၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၁။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိကြီးကြပ်မှုအောက်ရှိဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

( - ) အပိုဒ် ၆၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၆၃။ ဝန်ကြီးဌာနသည် ဒေသခံနိုင်ငံသားများ တရားဥပဒေနှင့်အညီ ရရှိပိုင်ဆိုင်ထားသည့် ကျောက်မျက်ရတနာများကို တွင်းဝခွန်ပေးဆောင်ပြီး မှတ်ပုံတင်စေ၍ တရားဝင်ပိုင်ဆိုင်ခွင့်၊ သယ်ဆောင်ခွင့်နှင့် ရောင်းဝယ်ခွင့်ပြုနိုင်ရန် စီမံပေးရမည်။

( - ) အပိုဒ် ၆၁ ကို အပိုဒ် ၆၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၅။ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ကျောက်မျက်ရတနာ အသေးစားတူးဖော်ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ လုပ်ကိုင်ခွင့်အတွက် ရရှိသည့်ငွေနှင့် တွင်းဝခွန်များကိုလည်းကောင်း၊ လိုင်စင်ထုတ်ပေးခြင်းမှ ရရှိသည့်လိုင်စင်ခများကိုလည်းကောင်း၊ လက်လုပ်လက်စားမှတ်ပုံတင်ခများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၁-၆-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန် ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မှုကြမ်း

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၄း၂၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ (၁၉.၆.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


Dr Khin Maung Maung


U Han Zaw

pyithu.hluttaw.mm


U Wan Hla


U Han Zaw

pyithu.hluttaw.mm


Daw Aye Aye Mu


U Han Zaw

pyithu.hluttaw.mm


U Saw Thalay Saw


U Han Zaw

pyithu.hluttaw.mm


U Aung Thaung Shwe


U Han Zaw

pyithu.hluttaw.mm


Dr Kyi Moh Moh Lwin


U Han Zaw

pyithu.hluttaw.mm


Daw Yin Min Hlaing


U Han Zaw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်